# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၂၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် (၁၇၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနေအထားသာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ပြည်သူများကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှသာ နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်

နေပြည်တော် မတ် ၂၄

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖


**ယနေ့ ဖတ်စရာ**

“တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း - Peace Talk 2025 ကျင်းပ — ပြည်တွင်းသတင်း — စာ ၈

တစ်ချိန်က တပ်မတော်နေ့ စာပေအနုပညာ ပြိုင်ပွဲများ — ဆောင်းပါး — စာ ၁၁

အာဖရိကအရှေ့ပိုင်းနှင့် တောင်ပိုင်း ၁၆ နိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားသူ ၁၇၈၀၀၀ ခန့်ရှိဟု ယူနီဆက်ဖ်ထုတ်ပြန် — နိုင်ငံတကာသတင်း — စာ ၁၄

# ၂၁ ရာစုကမ္ဘာတွင် အရေးပါလာသည့် ယဉ်ကျေးမှု

မကြာသေးမီ ရက်ပိုင်းအတွင်းက လူမှုကွန်ရက်တွင် ထုတ်လွှင့်ခဲ့သည့် တေးသီချင်းဗီဒီယိုတစ်ပုဒ်နှင့်စပ်လျဉ်း၍ မြန်မာ့တူရိယာဗုံနှင့် ပတ်စများကို ပြက်ရယ်ပြု စော်ကားသည့်သဖွယ် သရုပ်ပျက် ကပြဖျော်ဖြေခြင်း၊ ညစ်ညမ်းသည့် အဓိပ္ပာယ်ပေါက်စေနိုင်သည့် အဓိပ္ပာယ်နှစ်ခွစာသားများဖြင့် ဖန်တီးထားခြင်းဟူသည့် အချက်တို့အပေါ် ဝေဖန်သုံးသပ်မှုများစွာ ထွက်ပေါ်ခဲ့သည်။ အခြားလူမှုကွန်ရက် ဗီဒီယိုတစ်ပုဒ်တွင်လည်း မြန်မာ့ရိုးရာ ဆိုင်းဝိုင်းကြီးရှေ့တွင် မြန်မာမင်းသမီးဝတ်စုံဖြင့် အနောက်တိုင်း ခေတ်ပေါ်အကပုံစံ လိင်အသားပေးလှုပ်ရှား ကပြထုတ်လွှင့်ခဲ့သည့်အပေါ် ဝေဖန်မှုတို့ စုံလင်စွာထွက်ပေါ်ခဲ့သည်။ တစ်ဆက်တည်းမှာပင် နိုင်ငံခြားရောက် မြန်မာတို့၏ ကာလ၊ ဒေသနှင့် မလျော်ကန်သော အနေအထိုင် အပြုအမူများကြောင့် မြန်မာလူမျိုးများအား အလုပ်အကိုင် ပေးအပ်မှုအပေါ် ကန့်သတ်လာမှုများ၊ အချို့နေရာများတွင် “မြန်မာလူမျိုးမဝင်ရ” ဟူ၍ပင် စာရေးသားချိတ်ဆွဲ တားဆီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

အထက်ဖော်ပြပါ သတင်းအချက်အလက်အချို့က မြန်မာလူမျိုးတို့အနေဖြင့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအပေါ် လေးစားမြတ်နိုး တန်ဖိုးထားတတ်ကြရန် လိုအပ်နေသကဲ့သို့ မိမိတို့၏ နေ့စဉ်လူမှုဘဝ နေထိုင်သွားလာကြရာတွင်လည်း ယဉ်ကျေးရည်မွန်မှု (Etiquette) တို့ကို ဂရုပြုကျင့်သုံးကြရန် လိုအပ်နေကြောင်း ပြဆိုနေခြင်းပင်ဖြစ်သည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့မှာ မြင့်မားသည့် ကိုယ်ပိုင်ယဉ်ကျေးမှု ခံ့ခံ့ညားညား၊ ထည်ထည်ဝါဝါရှိပြီးဖြစ်သလို နေ့စဉ်လူမှုဘဝများတွင်လည်း မည်သို့နေ၊ မည်သို့ထိုင်၊ မည်သို့ဖြေ၊ မည်သို့စား စသည်ဖြင့် အသေးစိတ် ဆိုဆုံးမထားခဲ့သည်။ Etiquette များ ရှေးနှစ်ရာပေါင်းများစွာကတည်းကပင် ရှိခဲ့ပြီးဖြစ်သလို မြန်မာ့လူ့ဘောင်တွင်လည်း အစဉ်အဆက် ကျင့်သုံးခဲ့ကြသည်။ လူမှုစနစ်များ၊ လူမှုပတ်ဝန်းကျင်များ ပြောင်းလဲခြင်းနှင့်အတူ ယဉ်ကျေးမှုသည်လည်း လိုက်ပါပြောင်းလဲရန်သာဖြစ်ပြီး ခေတ်ကာလ၊ နေရာဒေသတို့နှင့် လျော်ညီစွာ ကျင့်သုံးကြရန်ဖြစ်သည်။ အထူးသဖြင့် ယဉ်ကျေးရည်မွန်မှု (Etiquette) ဆိုသည်မှာ မိမိကြောင့် သူတစ်ပါးအနှောင့်အယှက် မဖြစ်စေရန်နှင့် လိုအပ်ပါက ဖေးမကူညီသည့် လောကဝတ်ပြုမှုပင်ဖြစ်သည်။

ထို့အပြင် ယဉ်ကျေးမှုဟူသည် လူတစ်ဦးချင်းကိုရော နိုင်ငံနှင့် လူမျိုးတို့ကိုပါ ကိုယ်စားပြုနေသည့် ဝိသေသလက္ခဏာ (Identity) ဖြစ်သည်ကို သတိချပ်ကြရန်လိုသည်။ ၂၁ ရာစုတွင် ပထဝီနိုင်ငံရေး (Geopolitics) က အရေးကြီးလာပြီး ပထဝီနိုင်ငံရေးတွင် စစ်ရေး၊ စီးပွားရေးနှင့်အတူ ယဉ်ကျေးမှုကိုလည်း တောင့်တင်းခိုင်မာအောင် တည်ဆောက်ထားဖို့လိုသည်ဟု ပညာရှင်များက ပြောထားသည်။ မိမိတို့က ယဉ်ကျေးမှုကို ပေါ့ပေါ့ဆဆ သဘောထားနေကြချိန်တွင် ယဉ်ကျေးမှုသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာကြီးတည်ငြိမ်ရေးအတွက်ပါ အရေးပါသည့် အခြေအနေသို့ ရောက်ရှိနေသည်။ ကမ္ဘာပေါ်တွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများကိုပင်လျှင် ယဉ်ကျေးမှုချင်း တိုးတိုက်သည့် ပဋိပက္ခများအဖြစ် ရှုမြင်ကြပြီး မတူကွဲပြားသည့် ယဉ်ကျေးမှုတစ်ခုနှင့် တစ်ခုကြား တူညီသည့်အချက်ကို ရှာဖွေကာ ငြိမ်းချမ်းရေးကို ရှေးရှုကြရန် ဆောင်ရွက်လာကြသည်အထိ ယဉ်ကျေးမှုက အရေးပါလာသည်။

မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများက နိုင်ငံကို အဘက်ဘက်မှ အားနည်းဆုတ်ယုတ်စေသည်။ အနာဂတ်တွင် နိုင်ငံကို နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးတို့အရ အင်အားကြီးမားအောင် တည်ဆောက်ရာတွင် ယဉ်ကျေးမှုကိုလည်း ချန်လှပ်ထား၍မရသည့်အလျောက် ယဉ်ကျေးမှုအင်အား ခိုင်မာတောင့်တင်းအောင် တည်ဆောက်နေရသည်။ လူတစ်ဦး မွေးသည်မှ သေသည်အထိ ဘဝရှင်သန်စဉ်တစ်လျှောက်လုံးတွင် မိမိနှင့် မိမိဝန်းကျင်တွင်ရှိနေသော ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှုတို့ကို အလေးအနက် တန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ ဒို့တာဝန်အရေး (၃) ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃) ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။
- ☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များကူညီဆောင်ရွက်ပေးရေး။

## ရာဇဝတ်အထူးအယူခံမှု (၄) မှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု (၄) မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် မတ် ၂၄

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးခင်မောင်ကြီး၊ ဦးသောင်းနိုင်၊ ဒေါ်သင်းသင်းနွဲ့နှင့် ဒေါ်ပြုံးပြုံးအေး တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု အမှတ် ၁၆/၂၀၂၄ (ကရင်)၊ ၁၇/၂၀၂၄ (ရန်ကုန်)၊ ၁/၂၀၂၅ (မန္တလေး)နှင့် ၂/၂၀၂၅ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၄) မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမ အထူးအယူခံမှုအမှတ် ၈၀/၂၀၂၄ (ရန်ကုန်)၊ ၁/၂၀၂၅ (မကွေး)၊ ၂/၂၀၂၅ (ရန်ကုန်) နှင့် ၃/၂၀၂၅ (မွန်) စုစုပေါင်း တရားမအထူးအယူခံမှု (၄) မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်–

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာ သက်လွင်<br>ပါမောက္ခချုပ်<br>ပြည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ခ ) | ဒေါက်တာ ခင်မောင်ဇော်<br>ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပြည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ၂၄ - ၃ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅၅၈၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | – | စိုးစိုးနိုင် | သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းမှူး | – | မြင့်စိုး | အကြီးတန်း | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | – | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | – | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | – | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | – | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချီရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❖ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ဦးစားပေးအသုံးစရိတ်များကို သတ်မှတ်သုံးစွဲ**

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ရေးဆွဲထားသည့် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်(၃)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာန အသီးသီးနှင့် နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတို့က ကဏ္ဍအလိုက်၊ ဒေသအလိုက် ဦးစားပေးအသုံးစရိတ်များကို သတ်မှတ်သုံးစွဲကြရမည်ဖြစ်ကြောင်း။

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက်အထောက်အကူပြုနိုင်သည့် အသုံးစရိတ်များဖြစ်သော အခြေခံအဆောက်အအုံဆိုင်ရာ လမ်းတံတား၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ပို့ဆောင်ဆက်သွယ်ရေးကိစ္စရပ်များနှင့် ပို့ကုန်မြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေးအစရှိသည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏မူဝါဒအရ သုံးစွဲရမည့်အသုံးစရိတ်များ၊ ပြည်သူအတွက် အရေးတကြီးဆောင်ရွက်ပေးရန် လိုအပ်သည့် အသုံးစရိတ်များ၊ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပေါများစေရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အထောက်အကူပြုသည့် အသုံးစရိတ်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်နိုင်မည့် အသုံးစရိတ်များကို လိုအပ်ချက်နှင့်အညီ နိုင်ငံတော်က နှစ်စဉ်ခွင့်ပြုပေးလျက်ရှိကြောင်း။

ဘဏ္ဍာရေးနှစ်အလိုက် လျာထားချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရငွေရရှိမှု ၇၁ ဒသမ ၇၈ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၇၇ ဒသမ ၀၆ ရာခိုင်နှုန်း၊ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လ ဘဏ္ဍာရေးနှစ်မှာ ရငွေရရှိမှု ၉၆ ဒသမ ၁၀ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၈၄ ဒသမ၂၅ ရာခိုင်နှုန်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှာ ရငွေရရှိမှု ၁၀၄ ဒသမ ၉၆ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၉၀ ဒသမ ၇၈ ရာခိုင်နှုန်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ ရငွေရရှိမှု ၉၇ ဒသမ ၀၃ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၈၉ ဒသမ ၃၂ ရာခိုင်နှုန်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဇန်နဝါရီလအထိ ရငွေရရှိမှု ၇၁ ဒသမ ၁၁ ရာခိုင်နှုန်း၊ သုံးငွေ သုံးစွဲမှု ၅၉ ဒသမ ၅၅ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရကြောင်း။

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်း ရငွေလျာထားချက်ကို ပြည့်မီကျော်လွန်အောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ အသုံးစရိတ် ခွဲဝေလျာထားပေးသည့် ရန်ပုံငွေများကိုလည်း သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွက် အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံးဖြစ်စေရေး စိစစ်ပြီး စီမံခန့်ခွဲသုံးစွဲရေးသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ပြည်သူများကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှသာ နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

**❏ နိုင်ငံတော်၏မူဝါဒအရ သုံးစွဲရမည့်အသုံးစရိတ်များ၊ ပြည်သူအတွက် အရေးတကြီး ဆောင်ရွက်ပေးရန် လိုအပ်သည့်အသုံးစရိတ်များ၊ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပေါများစေရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အထောက်အကူပြုသည့် အသုံးစရိတ်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်နိုင်မည့် အသုံးစရိတ်များကို လိုအပ်ချက်နှင့်အညီ နိုင်ငံတော်က နှစ်စဉ်ခွင့်ပြုပေးလျက်ရှိ**

နိုင်ငံတော်၏ မက်ခရိုစီးပွားရေးအခြေအနေ တည်ငြိမ်မှုနှင့် ရေရှည်စီးပွားရေး တိုးတက်မှုရရှိစေရေး လိုငွေနှင့်ဂျီဒီပီအချိုးကို သင့်တင့်သည့်ပမာဏအတွင်း ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)ကို ကျပ် ၁၇၁၄၉၈ ဘီလီယံရရှိရန် မျှော်မှန်းထားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကိုလည်း ၃ ရာခိုင်နှုန်းရရှိရန် မျှော်မှန်းထားကြောင်း။

**ဝိုင်းဝန်းဆွေးနွေးအတည်ပြု**

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုကို တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အချိန်မီပေးပို့တင်ပြနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးအတည်ပြုပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မိမိအနေဖြင့် ဘတ်ဂျက်လိုငွေများ ထိန်းသိမ်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရငွေပိုင်းတွင် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ အမှန်ရရှိနိုင်မည့် ရငွေပမာဏနှင့် အနီးစပ်ဆုံးတွက်ချက်လျာထားရေး၊ အသုံးစရိတ်ပိုင်းတွင် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လေလွင့်မှုမရှိဘဲ အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်မည့် အသုံးစရိတ်များ၊ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးတို့ကို အထောက်အကူပြုသည့် အသုံးစရိတ်များဖြစ်စေရေးအတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းများအပေါ် ထပ်ဆင့်စိစစ်ခဲ့ကြောင်း၊ ထို့အတူ တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းများကိုလည်း သက်ဆိုင်ရာဌာနအဖွဲ့အစည်းများဖြင့် အဆင့်ဆင့်စိစစ်ထားခဲ့သည်ကို တွေ့ရှိရကြောင်း။

ရငွေအပိုင်း လျာထားရာတွင် ရသင့်ရထိုက်သော ရငွေများ အပြည့်အဝရရှိရေး၊ အခွန်အခများနှင့် ပတ်သက်၍ ခေတ်ကာလနှင့် ဆီလျော်သောနှုန်းထားဖြစ်စေရေး၊ လျာထားငွေများအတိုင်း အပြည့်အဝကောက်ခံရရှိရေး၊ နှစ်ဟောင်းကြွေးကျန်များပြန်လည်ရရှိရေး၊ အမှန်တကယ်ရရှိနိုင်မည့် ပြည်ပချေးငွေ၊ ပြည်ပအကူအညီရငွေများ ဖြစ်စေရေးအတွက် စိစစ်လျာထားမှုပြုလုပ်ခဲ့ကြောင်း။

ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ နေရပ်စွန့်ခွာပြည်သူများ၏ စားဝတ်နေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများအတွက် အရေးပေါ်ရန်ပုံငွေကို ပြည်ထောင်စုတွင် ငွေကျပ်ဘီလီယံ ၂၀၀၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များတွင် ငွေကျပ် ၁ ဘီလီယံစီဖြင့် ငွေကျပ် ၁၅ ဘီလီယံ စုစုပေါင်း ငွေကျပ် ၂၁၅ ဘီလီယံ ခွင့်ပြုထားကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ငွေအပါအဝင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၎င်းကို အခြေပြု၍ ရေးဆွဲထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က သုံးသပ်ပြီး အတည်ပြုထောက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေကြမ်းများနှင့် ပတ်သက်သည့် ဥပဒေဆိုင်ရာ အကြံပြုချက်များကိုလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တင်ပြကြသည်။

**အသုံးစရိတ်များ တိုးမြှင့်ပေးလျက်ရှိ**

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘဏ္ဍာငွေများကို ပြည်ထဲရေး၊ ကာကွယ်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် အသုံးစရိတ်များ တိုးမြှင့်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ တိုးမြှင့်ပေးခြင်းမှာ နိုင်ငံတော်တည်ဆောက်ရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပါက နိုင်ငံစီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဘတ်ဂျက်များ လျာထားရာတွင် အမှန်တကယ်အသုံးပြုနိုင်မည့် ပမာဏများကိုလျာထားဆောင်ရွက်ကြရန်လိုကြောင်း။

ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိမည့်နေရာများတွင် အသုံးချနိုင်ရန် လိုကြောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဘတ်ဂျက်ရငွေများကို အမှန်တကယ်ရရှိအောင်နှင့် သုံးငွေများကို အမှန်တကယ်အကျိုးရှိသည့် နေရာများတွင်သာ အသုံးပြုရန်လိုကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရာတွင် ကာကွယ်ရေးတပ်ဖွဲ့များ၏ စွမ်းရည်နှင့်စွမ်းအားမြှင့်တင်နိုင်ရေးအတွက်လည်း ဘတ်ဂျက်ငွေများသုံးစွဲရခြင်းများရှိကြောင်း၊ နိုင်ငံတကာတွင်လည်း အလားတူပင်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်စီမံကိန်းများသည် အချိန်တိုအတွင်း ဆောင်ရွက်၍မရဘဲ အချိန်ယူတည်ဆောက်ရသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားရသည့် တည်ဆောက်ဆဲစီမံကိန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ ပုဂ္ဂလိကတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့တတ်နိုင်သည့်ဘက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဝိုင်းဝန်းဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကိုများစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

**စေတနာထား၍ ကြိုးပမ်းဆောင်ရွက်**

ဘဏ္ဍာငွေသုံးစွဲရေးနှင့်ပတ်သက်၍ စနစ်တကျဖြင့် သုံးစွဲကြရန်လိုပြီး စီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စနစ်တကျဖြင့်ဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မည်သည့်လုပ်ငန်းကိုဆောင်ရွက်သည်ဖြစ်စေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရေး ဝန်ကြီးဌာနများအနေဖြင့် ကြပ်မတ်စစ်ဆေးဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် စီမံကိန်းများ အောင်မြင်စေရေး စနစ်တကျဖြင့် တိုင်းပြည်နှင့်ပြည်သူအပေါ် စေတနာထား၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

> ❍ **ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိမည့်နေရာများတွင် အသုံးချနိုင်ရန်လို၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဘတ်ဂျက်ရငွေများကို အမှန်တကယ်ရရှိအောင်နှင့် သုံးငွေများကို အမှန်တကယ်အကျိုးရှိသည့် နေရာများတွင်သာ အသုံးပြုရန်လို၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရာတွင် ကာကွယ်ရေးတပ်ဖွဲ့များ၏ စွမ်းရည်နှင့်စွမ်းအားမြှင့်တင်နိုင်ရေးအတွက်လည်း ဘတ်ဂျက်ငွေများ သုံးစွဲရခြင်းများရှိ၊ နိုင်ငံတကာတွင်လည်း အလားတူပင်ဖြစ်**

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို စိစစ်အတည်ပြုခဲ့ပြီးဖြစ်ကြောင်း။

**ချီးမြှင့်ငွေများ ထောက်ပံ့ခြင်းတို့ကို ခွင့်ပြုပေးထား**

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍတွင် အသိပညာ၊ အတတ်ပညာများ သင်ကြားနေသည့် ကျောင်းသားကျောင်းသူများကို ပညာသင်ထောက်ပံ့စရိတ်များ ထောက်ပံ့ခြင်း၊ ဆရာ ဆရာမများအတွက် အကျိုးခံစားခွင့်အတွက် ရရှိထားသည့် ဘွဲ့များအလိုက် ချီးမြှင့်ငွေများ ထောက်ပံ့ခြင်းတို့ကို ခွင့်ပြုပေးထားကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ တိုးတက်မြင့်မားစေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး လိုအပ်သည့် အသုံးစရိတ်များ၊ တက္ကသိုလ်အလိုက် ကျောင်းသားကျောင်းသူများအတွက် အပန်းဖြေဌာန (Recreation Center) တည်ဆောက်ခြင်း အသုံးစရိတ်များ၊ အလျင်အမြန်အကျိုးရလဒ် (Quick Win) ရရှိနိုင်မည့် ဆိုလာစနစ် ရေတင်စီမံကိန်း/လုပ်ငန်း အသုံးစရိတ်များ၊ လူမှုစီးပွားမြှင့်တင်ရေး အသုံးစရိတ်များလည်း ပါဝင်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်း၊ တံတားများ တည်ဆောက်ခြင်းလုပ်ငန်း အသုံးစရိတ်များ၊ လျှပ်စစ်မီးရရှိရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများအတွက် အသုံးစရိတ်များ ပါဝင်သည်ကိုလည်း တွေ့ရှိရကြောင်း။

**တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ကွပ်ကဲ**

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ခွဲဝေချထားပေးသည့် အသုံးစရိတ်များကို နိုင်ငံတော်နှင့်ပြည်သူများ၏ လိုအပ်ချက်နှင့်အညီ အကျိုးရှိသည့် အသုံးစရိတ်များဖြစ်စေရေး၊ လျာထားသည့် အသုံးစရိတ်များကိုလည်း အမှန်တကယ်အကောင်အထည်ဖော်ပြီး စံချိန်စံညွှန်းအပြည့်အဝနှင့်အချိန်မီပြီးပြတ်အောင် သုံးစွဲနိုင်ရေးနှင့်စာရင်းစစ်ဆေးမှုခံယူနိုင်ရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လျာထားသည့်အတိုင်း ရငွေများအပြည့်အဝရရှိအောင် စီမံခန့်ခွဲကြီးကြပ်ဆောင်ရွက်သွားရန်လည်း အရေးကြီးသည်ကို မှာကြားလိုကြောင်း၊ ထို့ကြောင့် အခွန်အကောက်ရငွေများကိုလည်း တည်ဆဲအခွန်အကောက်ဆိုင်ရာ ဥပဒေများနှင့်အညီ အပြည့်အဝကောက်ခံရရှိနိုင်ရန် အထူးကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဦးဇော်ဇော်စိုး အား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးဇော်ဇော်စိုး အား ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျုံတာ-သရွတ်ကြီး ကျေးရွာချင်းဆက်တံတားသစ်ဖွင့်

ကျောင်းကုန်း မတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ကျောင်းကုန်းမြို့နယ် ဆိပ်သာကျေးရွာ အုပ်စုသို့ ရောက်ရှိကာ နှစ် (၈၀) ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော ဆိပ်သာ-လေးအိမ် ကျေးရွာချင်းဆက် လမ်းပေါ်ရှိ ကွန်ကရစ်တံတားကို ယမန်နေ့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**



အဆိုပါ တံတားသစ်သည် အလျားပေ ၄၀ x အကျယ်ပေ ၂၀ ရှိသည်။ ဖွင့်ပွဲအပြီးတွင် တာဝန်ရှိသူများ၊ ဒေသခံရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြားသည်။ ဖျော်ဖြေပေးသည့် ကရင်ဒုံးယိမ်းအကအဖွဲ့၊ ဆင်အက အဖွဲ့နှင့် အိုးစည်ဒိုးပတ်အဖွဲ့တို့အား ဆုတော်ငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းကုန်းမြို့နယ် ကျုံတာကျေးရွာနှင့် အိမ်မဲမြို့နယ် သရွတ်ကြီး ကျေးရွာချင်းဆက်လမ်းနှင့် ကွန်ကရစ်တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ အဆိုပါ တံတားသည် အလျားပေ ၁၀၀ x အကျယ်ပေ ၂၀ ရှိပြီး ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောကျေးရွာဆုအတွက် လုပ်ငန်းညှိနှိုင်းစည်းဝေး

မကွေး မတ် ၂၄

မကွေးတိုင်းဒေသကြီး မကွေးမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော (နေရာဒေသ)ကျေးရွာဆု စိစစ်ရွေးချယ်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ မကွေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မိုးက ဝင်ရောက်ယှဉ်ပြိုင်မည့် ကျေးရွာရှစ်ရွာနှင့် ပတ်သက်သော အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်ကြောင်း ဂုဏ်ပြုဆုရွေးချယ်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်ဌာနများမှ ဆုရရှိသည့်ကျေးရွာကို ရွေးချယ်နိုင်ရေးအတွက် အကြံပြုဆွေးနွေးခြင်းများ ပြုလုပ်၍ ဆုကျေးရွာကို စိစစ်ရွေးချယ်သည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော (နေရာဒေသ)ကျေးရွာဆုရရှိသည့် ကျေးရွာအမည်စာရင်းကို ကြေညာပြီး မကွေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**



အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

- **ပြည်သူများအတွက် အဓိကအကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများကို ရေးဆွဲဆောင်ရွက်ကြရန်လို၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်၍ နိုင်ငံ့ GDP တိုးတက်အောင် ဆောင်ရွက်ကြရန်လို၊ စိုက်ပျိုးရေးထွက်ကုန်များကို အသုံးပြု၍ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ မြှင့်တင်နိုင်ရန်လို၊ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်လာပါက အခြားစက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများလည်း တိုးတက်လာမည်ဖြစ်၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားစေရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လို**

**နေပြည်တော် မတ် ၂၄**

အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားစီမံကိန်းကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၅)တွင် လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ ပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဆွေးနွေးညှိနှိုင်း အတည်ပြုကြမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်အချိန်မှစပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဘက်ပေါင်းစုံမှ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဖွဲ့အစည်းဆိုင်ရာမူဘောင် (Institutional Framework) များ အားကောင်းစေရန် လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ အဓိကကျသည့် ကဏ္ဍများတွင် ထုတ်လုပ်မှုအရှိန်အဟုန် မြှင့်တင်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်နှင့် လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်တို့ကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါကဏ္ဍများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးအားကောင်းစေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိသော်လည်း အဖျက်အမှောင့်လုပ်ငန်းများကြောင့် နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတား၊ တာဝါတိုင်များ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ကျောင်း၊ ဆေးရုံ စသည်များတွင် ပျက်စီးဆုံးရှုံးမှုများရှိနေကြောင်း၊ ထိုသို့ဖျက်ဆီးမှုများကြောင့် သမင်မွေးရင်း ကျားစားရင်းဆိုသည့်စကားအတိုင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် တိုးတက်မှုကို အဟန့်အတားဖြစ်စေပြီး နယ်မြေဒေသမတည်ငြိမ်သည့်ဒေသများတွင် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက် နောက်ကျကျန်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

**ပိုလီတက်ကနစ် နည်းပညာများကို လူတိုင်းလက်လှမ်းမီသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ**

ထို့ပြင် စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်ရန်အတွက် နိုင်ငံတော်က လိုအပ်သည့်ပံ့ပိုးမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ထုတ်လုပ်မှုစွမ်းရည် တိုးတက်ရေးတွင် အဓိကလိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူမှုစီးပွားဘဝဝန်းကျင်ကို ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် ပိုလီတက်ကနစ် နည်းပညာများ (Polytechnic)ကို နေပြည်တော်မှသာမက အခြားဒေသများတွင် တိုးချဲ့သင်ကြားနိုင်ရန်အတွက် စီစဉ်ပေးလျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ပညာရေးကို လူတိုင်းလက်လှမ်းမီသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ တိုးတက်ဆောင်ရွက်နိုင်ရန်အတွက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူမှုရေးကဏ္ဍတွင်လည်း အားကစားနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး၊ ထူးချွန်အားကစားသမားများ၏ လူမှုဘဝမြှင့်တင်နိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပထမအဆင့်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး၌ မိုးလုံလေလုံအားကစားကွင်း၊ ပွဲကြည့်စင်နှင့် မီတာ ၄၀၀ ပြေးလမ်းပါသည့် ဘောလုံးကွင်းနှင့် ရေကူးကန်များကို ဦးစားပေးဆောင်ရွက်ပေးရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးနီးပါးတွင် တည်ဆောက်ပြီးဖြစ်ကြောင်း၊ အလားတူ ဒုတိယအဆင့်အနေဖြင့် ခရိုင်မြို့ကြီးများအားလုံးတွင် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တစ်ဆက်တည်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်လည်း ဆောင်ရွက်ပေးလျက်ရှိပြီး တတိယအဆင့်အနေဖြင့် မြို့နယ်များတွင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**ရာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ပေးထားပြီးဖြစ်**

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန်အတွက် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းတိုးချဲ့ဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ရာသီဥတုဖောက်ပြန်မှုကြောင့် ထိခိုက်မှုများကို လျှော့ချနိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ခေတ်မီနည်းပညာများအသုံးပြုနိုင်ရေးကိုလည်း စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ သစ်တောသစ်ပင်များ စိုက်ပျိုးရာတွင်လည်း စိုက်သမျှအပင်များ တစ်ပင်စိုက်တစ်ပင်ရှင်ဆိုသည့် ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိမိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှု ၄၂ ရာခိုင်နှုန်းကျော်ရှိသည်မှ ၅၀ ရာခိုင်နှုန်းအထိရောက်အောင် ရည်မှန်းချက်ထားရှိဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဝေးလံဒေသများအပါအဝင် ဒေသအသီးသီးတွင် ကုန်စည်နှင့် ခရီးသည်သယ်ယူပို့ဆောင်ရေးအတွက် လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ကုန်ထုတ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများနှင့် ကျေးလက်ဒေသများတွင် ရာသီမရွေးသွားလာနိုင်သည့်

*စာမျက်နှာ ၆ သို့*

> **"နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအင်အား ကောင်းမွန်ရန်အတွက် ဂျီဒီပီကိုရည်မှန်းထားသည့်အတိုင်းရရှိရန် ကြိုးပမ်းကြရမည်ဖြစ်၊ ထို့ကြောင့် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများတွင် ရည်မှန်းထားသည့်ရလဒ်များရရှိစေရေး လက်တွေ့ကျကျ ဆောင်ရွက်သွားရန်လို၊ နိုင်ငံ့အရေးကို ရှေ့တန်းတင်ပြီး အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် မိမိတို့အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းများကို ထင်သာမြင်သာရှိပြီး ပြည်သူများအကျိုးကျေးဇူးရရှိခံစားနိုင်ရန်နှင့် လုပ်ဆောင်ချက်များ အားလုံးကို မှတ်ကျောက်တင်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်"**

*စာမျက်နှာ ၅ မှ*

လမ်းကွန်ရက်များ စသည့်သယ်ယူပို့ဆောင်ရေး အခြေခံလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း။

လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင်လည်း ဆောင်ရွက်ဆဲဆည်တမံနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများကို ရှေ့ဆက်အကောင်အထည်ဖော်နိုင်ရေးနှင့် နိုင်ငံတော်၏ရည်မှန်းချက်များ ပြည့်မီရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်နိုင်ရန်လိုအပ်သည့် မျိုး၊ မြေသြဇာ၊ စက်ကိရိယာများ၊ စိုက်ပျိုးရေရရှိရန် ဆိုလာရေတင်လုပ်ငန်းများကို ဦးစားပေးလျာထားခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူနိုင်ရေး၊ အလုပ်အကိုင်ဖန်တီးနိုင်ရေး စသည့်လုပ်ငန်းများအတွက် အသုံးစရိတ်များကိုလည်း လျာထားခွင့်ပြုပေးမည်ဖြစ်ကြောင်း။

အကန့်အသတ်ရှိသည့် ဘဏ္ဍာငွေအရင်းအမြစ်များနှင့် ပြည်သူများ အဆင့်အတန်းမြင့်မားစွာ နေထိုင်နိုင်ရေးအတွက် ပြည်သူ့အငှားအိမ်ရာစီမံကိန်းများ၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍများတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် နေထိုင်ရေးအဆင်ပြေစေရန် လိုအပ်သည့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းကိုလည်း ခွင့်ပြုထားကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့မှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဘဏ္ဍာငွေများ လျာထားခွင့်ပြုပေးထားပြီးဖြစ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများက လျာထားသည့် လုပ်ငန်းများနှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရများက လျာထားသည့်လုပ်ငန်းများတွင် လက်တွေ့ကျသည့် စီမံကိန်းဖြစ်စေရန်နှင့် ပြည်သူကို အမှန်တကယ် အကျိုးပြုနိုင်သည့် စီမံကိန်းများဖြစ်စေရေး စနစ်တကျ လေ့လာသုံးသပ်ပြီး အချိန်မီပြီးစီးရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**တိုင်းဒေသကြီး၊ ပြည်နယ်များက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်**

နိုင်ငံတော်၏ မျှော်မှန်းချက်များ၊ ရည်မှန်းချက်ပန်းတိုင်များ ပြီးမြောက်အောင်မြင်ရန်အတွက် ချမှတ်ထားသည့်ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ မူဝါဒရည်မှန်းချက်များကို လုပ်ငန်းလမ်းညွှန်များအဖြစ် အလေးအနက်ခံယူပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များက ဟန်ချက်ညီညီ၊ အချိတ်အဆက်မိမိ ပူးပေါင်းပြီး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ တိုင်းသူပြည်သားများ၏ သာယာဝပြောရေးတို့အတွက် ပြည်သူဗဟိုပြုလုပ်ငန်းများကို လူထုနှင့်လက်တွဲပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ရည်မှန်းချက်ပါ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ကြရေး ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးတွင် အတည်ပြုချက်ရယူမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းကို တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ တိုးတက်ရန်နှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်ပြီး ရေးဆွဲထားသည်ကိုတွေ့ရကြောင်း၊ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်တိုးမြှင့်ရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားသည်ကိုလည်း တွေ့ရှိရကြောင်း၊ ထို့ပြင်ဒေသတွင်း ပြန်လည်တည်ထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုထားပါကြောင်း။

ယခု ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍများမှအပ ကျန်ကဏ္ဍများတွင် တိုးတက်မှုရရှိမည်ဟု ခန့်မှန်းထားပြီး နှစ်ကုန်ယာယီခန့်မှန်းခြေစာရင်းအရ စီးပွားရေးတိုးတက်မှုနှုန်းကို ယခင်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၉ ရာခိုင်နှုန်း ရရှိနိုင်ကြောင်း ခန့်မှန်းထားသည်ကို တွေ့ရှိရကြောင်း။

လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ကို ယခုနှစ်၏ အကောင်အထည်ဖော်နိုင်မှု အခြေအနေ၊ ကဏ္ဍဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၏ ထုတ်လုပ်မှုနှင့် ဘဏ္ဍာငွေလျာထားချက်များအပေါ် အခြေခံပြီး ဂျီဒီပီတိုးတက်မှုနှုန်းကို သုံးရာခိုင်နှုန်း၊ နှစ်အလိုက် ဈေးနှုန်းအရ တန်ဖိုးအားဖြင့် ငွေကျပ် ၁၇၁၄၉၈ ဒသမ ၁ ဘီလီယံ ရရှိနိုင်ကြောင်း ခန့်မှန်းထားသည်ကို တွေ့ရှိရကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ရှေ့ပြေးလူဦးရေစာရင်းအပေါ် အခြေခံပြီး လူဦးရေ ၅၁ ဒသမ ၃ သန်းနှင့် ခန့်မှန်းထားသည့် တစ်ဦးကျထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ၃ ဒသမ ၃ သန်းကျော် ရရှိစေရန် လျာထားပါကြောင်း။

**ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များကို အလေးထားဆောင်ရွက်သွားကြရန်လို**

ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်နေသည့် စီမံကိန်းအသုံးစရိတ်များကိုလည်း စနစ်တကျ သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ရန်၊ စီးပွားရေးတိုးတက်မှုအခြေအနေကို ယခုထက်ပိုမိုရရှိရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ အရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး တိုးတက်သည့် ရလဒ်ကောင်းများရရှိရေး ဆောင်ရွက်ရန်နှင့် ပြည်သူလူထု၏ အဓိကလိုအပ်သည့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကို သုံးသပ်ဆွေးနွေးပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း (မူကြမ်း) ရေးဆွဲထားမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ၂၀၂၅- ၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက ဘဏ္ဍာနှစ်အလိုက် အမျိုးသားစီမံကိန်းလျာထားမှုနှင့် ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားရာတွင် စီမံကိန်းဆိုသည်မှာ အမှန်တကယ်လုပ်နိုင်သည့်အရာကို စီမံကိန်းရေးဆွဲဆောင်ရွက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ပြည်သူများအတွက် အဓိကအကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများကို ရေးဆွဲဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်၍ နိုင်ငံ့ GDP တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို အသုံးပြု၍ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ မြှင့်တင်နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်လာပါက အခြားစက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားစေရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

အမျိုးသားစီမံကိန်းများ အောင်မြင်စေရေးအတွက် အားလုံးက အလေးအနက်ထား၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ စီမံကိန်းများရေးဆွဲရာတွင် မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ၏ လူဦးရေကိုကြည့်၍ ရေးဆွဲဆောင်ရွက်ကြရန်လိုကြောင်း၊ ကျေးလက်နှင့် မြို့ပြအလိုက် နေထိုင်ကြသည့်ပြည်သူများအတွက် စားရေးနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ လိုအပ်သည့် အသား၊ ငါးများကို လုံလောက်စွာဖြင့်ထုတ်လုပ်နိုင်ရန်လိုသဖြင့် မွေးမြူရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရေး တွန်းအားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း အလားတူပင်ဖြစ်ကြောင်း။

စီမံကိန်းများနှင့်ပတ်သက်၍ ဒေသအလိုက် လုံခြုံမှုများရှိစေရေး တာဝန်ရှိသည့် အဖွဲ့အစည်းများ အားလုံးက ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လုံခြုံမှုရှိမှသာ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားလာမည်ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ နည်းပါးခြင်းကြောင့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်၍ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

**စီမံကိန်းများ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လို**

GDP နှင့်ပတ်သက်၍ နိုင်ငံ၏ GDP တိုးတက်စေရေး စိုက်ပျိုးရေးထုတ်ကုန်နှင့် လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍများ တိုးတက်စေရေးနှင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်ကြရန်လိုသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှလည်း ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ စီမံကိန်းများကို အောင်မြင်အောင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း။

လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအနေဖြင့် လာမည့် ဒီဇင်ဘာလအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံခြုံရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း၊ လုံခြုံရေးစနစ်ကောင်းမွန်လာပါက ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ အမျိုးသားစီမံကိန်းများ အောင်မြင်စေရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ပြည်သူများအကျိုးကျေးဇူးရရှိခံစားနိုင်ရန် လုပ်ဆောင်ချက်များ အားလုံးကို မှတ်ကျောက်တင်နိုင်ရန် ဆောင်ရွက်ရမည်**

ဆက်လက်၍ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအင်အား ကောင်းမွန်ရန်အတွက် ဂျီဒီပီကိုရည်မှန်းထားသည့်အတိုင်းရရှိရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများတွင် ရည်မှန်းထားသည့်ရလဒ်များ ရရှိစေရေး လက်တွေ့ကျကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံ့အရေးကို ရှေ့တန်းတင်ပြီး အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် မိမိတို့အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းများကို ထင်သာမြင်သာရှိပြီး ပြည်သူများအကျိုးကျေးဇူးရရှိခံစားနိုင်ရန်နှင့် လုပ်ဆောင်ချက်များ အားလုံးကို မှတ်ကျောက်တင်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေနှင့် ဒေသန္တရစီမံကိန်းဥပဒေများ မပြဋ္ဌာန်းမီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

**လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများကို ရဲရဲဝံ့ဝံ့ ဆောင်ရွက်ကြရန်လို**

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အားများ ကောင်းမွန်ရန်အတွက် လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများကို ရဲရဲဝံ့ဝံ့ ဆောင်ရွက်ကြရန်လိုကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ရယူသင့်သည့် သင်ခန်းစာများကို ဖော်ထုတ်ပြီး လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် တီထွင်ကြံဆဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကိုလည်း လေလွင့်မှုမရှိစေဘဲ သက်ဆိုင်ရာ ဒေသအသီးသီး၌ ထိရောက်စွာသုံးစွဲနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံကောင်းများ ဖန်တီးပေးထားပြီးဖြစ်သည့်အတွက် လုပ်ငန်းများရေရှည်ရပ်တည်နိုင်ရေးနှင့် ဒေသတွင်းထုတ်လုပ်မှု ကွင်းဆက်မှတစ်ဆင့် ကမ္ဘာ့ထုတ်လုပ်မှုကွန်ရက်သို့ ချိတ်ဆက်နိုင်ရေးကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံခြားငွေယိုစိမ့်မှု လျော့နည်းစေရေးအတွက် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများက သွင်းကုန်အစားထိုးနိုင်မှု တိုးတက်ရရှိရေး၊ သယံဇာတပစ္စည်းများ တရားမဝင် ထုတ်ယူခြင်း၊ ရောင်းဝယ်ခြင်းနှင့် တရားမဝင်ကုန်သွယ်မှုများ မဖြစ်ပေါ်စေရေးအတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ယခုထက်ပိုမိုပြီး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အလံတော်အဖွဲ့နှင့် စစ်ရေးပြစစ်ကြောင်းများ စစ်ရေးပြပွဲကွင်းအတွင်း ချီတက်ဝင်ရောက်နေရာယူမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

❖ *ကျောဖုံးမှ*

စုရပ်ဖြစ်သည့် သစ်တပ်ကွင်းမှ စစ်ရေးပြကွင်းကြီးသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့တို့၏ တီးခတ်မှုနှင့်အတူ စစ်ချီသီချင်းများကို အားမာန်အပြည့်အဝဖြင့် သီဆို၍ ညီညာစွာ ချီတက်ကြပြီး စစ်ရေးပြအခမ်းအနား အစီအစဉ်များအတိုင်း လေ့ကျင့်ဆောင်ရွက်ကြသည်။

**လေ့ကျင့်နေမှုများ ကြည့်ရှုစစ်ဆေး**

ထိုသို့ လေ့ကျင့်နေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

**လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် အလံတော်အဖွဲ့နှင့် စစ်ရေးပြ စစ်ကြောင်းများ၏ စစ်ရေးပြကွင်း အတွင်း ချီတက်ဝင်ရောက်နေရာယူမှုများ၊ နှစ်(၈၀) ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြမည့် ဧည့်သည်တော်ကြီးများအတွက် ထိုင်ခုံနေရာချထားမှုများ၊ ပြည်ပဧည့်သည်တော်ကြီးများအတွက် SIS (Simultaneous Interpretation System) ဘာသာပြန်စက်တပ်ဆင်ထားရှိမှုများ၊ မြင်းစီးတပ်ခွဲနှင့် အရေးကြီးပုဂ္ဂိုလ်ယာဉ်တန်း ဝင်ရောက်နေရာယူမှုများကို ဦးစွာကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ၏ အချိန်ကိုက်အုပ်ဖွဲ့ ပျံသန်းလေ့ကျင့်မှုများ၊ အလံတော်အဖွဲ့နှင့် စစ်ကြောင်းတပ်ခွဲများ၏ ဝတ်စားဆင်ယင်မှုဆိုင်ရာများ၊ စစ်ရေးပြအလံများ၊ စစ်ရေးပြလက်နက်ငယ်များနှင့် စစ်ဝတ်တန်ဆာများ ပြင်ဆင်ထားရှိမှုနှင့် စစ်ရေးပြတပ်ခွဲအသီးသီး၏ စစ်ရေးပြလှုပ်ရှားမှုများကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ပဧည့်သည်တော်ကြီးများအတွက် SIS (Simultaneous Interpretation System) ဘာသာပြန်စက်တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**လေယာဉ် ရဟတ်ယာဉ်များပါဝင်**

အဆိုပါစစ်ရေးပြအခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးအထူးတပ်ဖွဲ့ဝင်များ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ ပါဝင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ပခုက္ကူမြို့၌ ကမ္ဘာ့တီဘီရောဂါနေ့အထိမ်းအမှတ် အသိပညာပေး



**ပခုက္ကူ မတ် ၂၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့တီဘီရောဂါနေ့အထိမ်းအမှတ်အသိပညာပေး လုပ်ငန်းကို ယနေ့ နံနက် ၉နာရီက ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေး လုပ်ငန်းကို ပခုက္ကူမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် တိုက်ဖျက်ရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း တီဘီစီမံချက် (ညောင်ဦးနှင့် ပခုက္ကူခရိုင်) တာဝန်ခံ ဆရာဝန် ဒေါက်တာ ဌေးလှိုင်၊ တွဲလက်များ ပရဟိတအဖွဲ့ဝင်များ ပူးပေါင်းပြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့တီဘီရောဂါနေ့ အထိမ်းအမှတ်အဖြစ် တီဘီရောဂါ ကာကွယ်ဆေး သုံးစွဲနေသော လူနာ ၃၅ ဦးအတွက် လိုအပ်သည့် ဆေးဝါးများနှင့် အာဟာရပစ္စည်းများ ပေးအပ်ခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

---

❑ *ကျောဖုံးမှ*

အဆိုပါ ISTAF WORLD CUP 2025 ပြိုင်ပွဲကို မတ်၂၀ရက်မှ၂၅ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပိုက်ကျော်ခြင်းကစားနည်း အမျိုးသမီး နှစ်ယောက်တွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးအသင်းက အိန္ဒိယအသင်းကို အနိုင်ရယူကာ ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲများတွင် အမျိုးသမီးနှစ်ယောက်တွဲ (Double Event) တွင် (ရွှေတံဆိပ်) ဆု၊ အမျိုးသားနှစ်ယောက်တွဲ(Double Event) တွင် (ငွေတံဆိပ်) ဆုနှင့် အမျိုးသားလေး ယောက်တွဲ (Quadrant Event) တွင် (ကြေးတံဆိပ်)ဆု ရရှိထားကြောင်း သိရသည်။

**အာကာစိုး**

---

# ဟသ်ာတမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသ

**ဟသ်ာတ မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် လိပ်ချောင်းကျေးရွာအုပ်စုရှိ စလင်းဘုန်းတော်ကြီးကျောင်း၌ မတ် ၂၃ ရက်က ဟသ်ာတမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သော အဖွဲ့များက ကျေးရွာနေ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဖြိုးဝေဝင်း ဦးဆောင်သည့် အထွေထွေရောဂါကု သမားတော်ကြီး၊ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သောအဖွဲ့က အထွေထွေရောဂါ လူနာစုစုပေါင်း ၄၄၇ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးပြီး လူနာ ခြောက်ဦးကို မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုများ စီစဉ်ဆောင်ရွက်သည်။

အဆိုပါ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# “တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသောနိုင်ငံတော်သစ်ဆီသို့”ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း - Peace Talk 2025 ကျင်းပ

**နေပြည်တော် မတ် ၂၄**

“တွေ့ဆုံ ဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့”ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေး စကားဝိုင်း – Peace Talk 2025 ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။



ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အပေါ်တွင် ကဏ္ဍအသီးသီးမှ ထင်ပေါ်ကျော်ကြားသူများ၊ အသိပညာရှင် အတတ်ပညာရှင်များမှ ပိုမိုအာရုံစိုက်ပါဝင် လုပ်ဆောင်လာနိုင်စေရန်၊ ငြိမ်းချမ်းရေး အတွက် အကြမ်းမဖက်သော နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းသည်သာလျှင် ရေရှည်တည်တံ့မည်ဖြစ်ကြောင်းကို လူထုအကြား အသိအမြင် တိုးမြှင့်လာစေရန်နှင့် နိုင်ငံအတွင်း ပဋိပက္ခများ အမြန်ဆုံးလျှော့ချပြီး နိုင်ငံရေး၊ စီးပွားရေးများ ပိုမိုကောင်းမွန်တိုးတက်လာနိုင်စေမည့် ရေတိုရေရှည်လုပ်ငန်းစဉ်များ ဖော်ထုတ်နိုင်ရန် ရည်ရွယ်ပြီး ငြိမ်းချမ်းရေးစကားဝိုင်းကို ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေး စကားဝိုင်းသို့ အလွှာစုံ အစုအဖွဲ့ အသီးသီးဖြစ်ကြသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော် အငြိမ်းစား အရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မီဒီယာများ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် လေ့လာသူများ စုစုပေါင်း ကိုယ်စားလှယ် ၁၁၈ ဦး တက်ရောက်ကြသည်။

ငြိမ်းချမ်းရေးစကားဝိုင်း ဖွင့်ပွဲအခမ်းအနားတွင် ဦးစွာနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် စီးပွားရေး ကဏ္ဍကြီးများတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို စုပေါင်းအဖြေရှာ ဖော်ထုတ်ရန်လိုကြောင်း၊ ပဋိပက္ခလျှော့ချပြီး စီးပွားရေး၊ လူမှုရေးတို့အား ရေတိုရေရှည် စီမံကိန်းများ ဆောင်ရွက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရန် လိုအပ်ကြောင်း၊ ယနေ့ စကားဝိုင်းမှ နိုင်ငံရေး၊ လုံခြုံရေးကဏ္ဍနှင့် စီးပွားရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍတို့မှ အပြုသဘောဆောင်သည့် ဆွေးနွေးအကြံပြုချက်များကို ရလဒ်ဖော်ထုတ်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပိုမိုတိုးတက်အောင်မြင်စေရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် UPWC ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး (ငြိမ်း)ဦးသိန်းဇော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ငြိမ်းချမ်းရေးစကားဝိုင်း ကျင်းပသည့် ရည်ရွယ်ချက်နှင့် ဆွေးနွေးပွဲ အစီအစဉ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်တွင် ကဏ္ဍအသီးသီးမှ ထင်ပေါ်ကျော်ကြားသူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များမှ ပိုမိုအာရုံစိုက် ပါဝင်လုပ်ဆောင်လာနိုင်စေရေး ကိစ္စရပ်များနှင့် ငြိမ်းချမ်းရေးအတွက် အကြမ်းမဖက်သော နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းသည်သာလျှင် ရေရှည်တည်တံ့မည် ဖြစ်ကြောင်းကို လူထုအကြား အသိအမြင် တိုးမြှင့်လာစေရန် ဆောင်ရွက်ပေးရန်နှင့် မီဒီယာများ၏ ငြိမ်းချမ်းရေးတွင် သတင်းမှန်များ ရောက်ရှိစေရေး အတွက် အရေးပါမှုများကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် စကားဝိုင်းဆွေးနွေးပွဲ Speaker များက နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



ယင်းနောက် စကားဝိုင်း ဆွေးနွေးပွဲကို တက်ရောက်သူများ အနေဖြင့် ခေါင်းစဉ်အလိုက် နက်ရှိုင်းစွာ ပါဝင်ဆွေးနွေးနိုင်စေရန် “နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍ”၊ “စီးပွားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ” ဟူ၍ ကဏ္ဍ နှစ်ခု ခွဲခြားပြီး စကားဝိုင်း ပထမနေ့အနေဖြင့် “နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍ”တွင် သဘာပတိအဖြစ် အမျိုးသား စည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆောင်ရွက်ကာ “ပဋိပက္ခ လျှော့ချရေးနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပေါ်ရေး” ခေါင်းစဉ်ဖြင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား) က ဦးဆောင်ဆွေးနွေးသည်။ ဆက်လက်၍ “စီးပွားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍ” တွင် သဘာပတိအဖြစ် အမျိုးသား စည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန် (ငြိမ်း)ကဆောင်ရွက်ပြီး“ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါသည့် ကဏ္ဍ” ခေါင်းစဉ်ဖြင့် ဒုတိယဝန်ကြီး (ငြိမ်း) ဒေါ်လွဲလွဲသိန်းက ဦးဆောင်ဆွေးနွေးကာ တက်ရောက် လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးခြင်း၊ စကားဝိုင်းအလိုက် ရရှိလာသည့် သဘောထားများကို တက်ရောက်လာသူ ကိုယ်စားလှယ်အသီးသီးက အကြံပြုခြင်း၊ ဆွေးနွေး မေးမြန်းခြင်းနှင့် မေးမြန်းချက်များအပေါ် Speaker က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ငြိမ်းချမ်းရေး စကားဝိုင်းမှ ရရှိလာမည့် အလွှာအသီးသီး၏ အမြင်သဘောထားများ၊ အကြံပြုချက်များကို သိရှိနားလည်ပြီး ငြိမ်းချမ်းရေးတွင် ပါဝင်ဆောင်ရွက်သူများအကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြင့်လာစေကာ ၂၀၂၅ ခုနှစ်အလွန် ဖြစ်ပေါ်လာမည့် နိုင်ငံရေးအခြေအနေများနှင့် လိုက်လျောညီထွေသည့် ငြိမ်းချမ်းရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ငြိမ်းချမ်းရေးစကားဝိုင်းကို မတ်၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်တာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဂလား - ကညင်စမ်း - ကံသုံးဆင့်ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်

**ရန်ကုန် မတ် ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ရန်ကုန်တိုင်း ဒေသကြီး တိုက်ကြီးမြို့နယ်၊ အင်းဂလား – ကညင်စမ်း – ကံသုံး ဆင့်ကျေးရွာချင်းဆက် ကွန်ကရစ် လမ်းသစ်ဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါလမ်းတွင် ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူး ဦးသက်ဇော်က လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးဇော်ဝင်း၊ ညွှန်ကြားရေးမှူး ဦးသက်ဇော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က အဆိုပါ လမ်းကို ဖြတ်သန်းကြည့်ရှု စစ်ဆေးသည်။ (ဝဲပုံ)

ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာနသည် ကျေးလက်လမ်းများ၊ တံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင်ဆောင် ရွက်ပေးခြင်းဖြင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အင်းဂလား– ကညင်စမ်း – ကံသုံး ဆင့် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်သည် အရှည် ပေ ၁၅၈၄၀၊ အကျယ် ၁၀ ပေရှိပြီး တိုက်ကြီး ကြာအင်းလမ်းနှင့် ချိတ်ဆက်ထားကာ ဒေသခံ ပြည်သူများ အသုံးပြုမှုများသော လမ်းဖြစ်၍ မိုးရာသီတွင် သွားလာရ ခက်ခဲသည့်အတွက် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး**

**(ပြန်/ဆက်)**

# အခုလို ဆွေးနွေးပွဲတွေကနေ ထွက်လာတဲ့ Outcomes တွေကို ကြည့်ပြီး ပြည်သူလူထုအနေနဲ့ ဘာလုပ်သင့်တယ်ဆိုတဲ့အနေအထားကို တွေ့လာမယ်လို့ ယူဆရပါတယ်

ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး(ငြိမ်း)


ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး(ငြိမ်း)


ဗိုလ်မှူးကြီး ဝဏ္ဏအောင်


စောမြရာဇာလင်း


ဒေါက်တာ အောင်မျိုး


ဒေါက်တာ အောင်မြတ်ဦး


ဒေါ်လဲ့လဲ့သိန်း


ဦးကိုကိုကြီး

**နေပြည်တော် မတ် ၂၄**

"တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့" ငြိမ်းချမ်းရေး စကားဝိုင်းဆွေးနွေးပွဲကို မတ် ၂၄ ရက် နံနက်ပိုင်းမှစတင်ကာ နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန၌ သုံးရက်တာ ကျင်းပလျက်ရှိသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ် ကဏ္ဍအသီးသီးမှ ထင်ပေါ်ကျော်ကြားသူများ၊ အသိပညာရှင် အတတ်ပညာရှင်များက ပိုမိုအာရုံစိုက် ပါဝင်လုပ်ဆောင်လာနိုင်စေရန်၊ ငြိမ်းချမ်းရေးအတွက် အကြမ်းမဖက်သောနည်းလမ်းဖြင့် ဆောင်ရွက်ခြင်းသည်သာလျှင် ရေရှည်တည်တံ့မည်ဖြစ်ကြောင်းကို လူထုအကြား အသိမြင်တိုးမြှင့်လာစေရန်၊ နိုင်ငံအတွင်း ပဋိပက္ခများအမြန်ဆုံးလျော့ချပြီး နိုင်ငံရေး၊ စီးပွားရေးများ ပိုမိုကောင်းမွန်တိုးတက်လာနိုင်စေမည့် ရေတို၊ ရေရှည်လုပ်ငန်းစဉ်များ ဖော်ထုတ်နိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်ဆွေးနွေးကြသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး(ငြိမ်း)**

ဒီကနေ့ ဆွေးနွေးပွဲကတော့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေမှာ ရပ်တန့်နေတဲ့ လုပ်ငန်းတွေ၊ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးမယ့်လမ်းကြောင်း၊ ဒါတွေကပြတ်တောက်နေတာဖြစ်တဲ့အတွက် အခုပြန်လည်စတင်တဲ့ သဘောပါ။ လမ်းကြောင်းတစ်ခုအစဖြစ်ပြီး ရှေ့ဆက်ပြီး ပိုမိုကောင်းမွန်တဲ့ လမ်းကြောင်းတစ်ခု ဖြစ်လာမှာပါ။

ဆွေးနွေးပွဲမှာတော့ စီးပွားရေး၊ လုံခြုံရေးနဲ့၊ ရွေးကောက်ပွဲတွေနဲ့ ပတ်သက်တာတွေကို သုံးရက်တာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီကထွက်လာတဲ့ ဆွေးနွေးချက်တွေကို NSPNC ကနေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံအတွက် အကျိုးရှိတဲ့ ရလဒ်တွေဖြစ်လာမှာပါ။ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ ပတ်သက်ပြီးတော့ ဘာတွေဆောင်ရွက်ဖို့လိုသလဲ၊ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ ဘာတွေမျှော်လင့်လို့ ရနိုင်သလဲဆိုတာတွေ ထွက်ပေါ်လာမှာပါ။

ဒီနေ့အခြေအနေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူနေတဲ့ အချိန်ကာလအတွင်းမှာ တဖြည်းဖြည်းနဲ့ကောင်းမွန်တဲ့ အပြောင်းအလဲဖြစ်ပေါ်လာတယ်ဆိုတဲ့ ပုံသဏ္ဌာန်ပုံရိပ်ကို လူထုက အကဲခတ်လို့ရမှာပါ။ နောက်တစ်ခုကတော့ NUG၊ PDF တွေက ချက်ချင်းပဲ အာဏာပဲ သိမ်းတော့မလို အချို့လူထုက ယုံကြည်မှုလွဲမှားခဲ့ကြပြီး လေးနှစ်တာကာလမှာ သူတို့မျှော်မှန်းသလို ဘာမှဖြစ်မလာတော့ တကယ်ဒုက္ခရောက်ရတာ ပြည်သူတွေပဲဆိုတာ လူထုကသိလာပြီး မျက်စိလည်နေတာကနေ လမ်းမှန်ဘက်ကို တဖြည်းဖြည်းနဲ့ ရောက်လာကြမှာပါ။ အခုလိုဆွေးနွေးပွဲတွေကနေ ထွက်လာတဲ့ Outcomes တွေကို ကြည့်ပြီး ပြည်သူလူထုအနေနဲ့ ဘာလုပ်သင့်တယ်ဆိုတဲ့အနေအထားကို တွေ့လာမယ်လို့ ယူဆရပါတယ်။

**ဗိုလ်မှူးကြီး ဝဏ္ဏအောင်**
**အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ**

နိုင်ငံတော်ကို ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ဖို့အတွက် ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို ပုံဖော်ဆောင်ရွက်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံမှာ လက်ရှိဖြစ်ပွားနေတဲ့ အခြေအနေတွေ၊ ပဋိပက္ခတွေ၊ ပြည်တွင်းပြည်ပ ပယောဂတွေနဲ့ အဖျက်အမှောင့်ဆောင်ရွက်နေမှုတွေအပေါ် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးနဲ့ နိုင်ငံရေးဖြစ်စဉ်တွေမှာ ပါဝင်ခဲ့ကြသူတွေ၊ Stakeholder တွေ၊ ပညာရှင်တွေ၊ သတင်းမီဒီယာတွေ၊ ကဏ္ဍအသီးသီးက တက်ရောက်လာကြသူတွေက သူတို့ရဲ့ အတွေ့အကြုံ၊ အမြင်သဘောထား မျှဝေခြင်းတွေ၊ အလွတ်သဘော ကျယ်ပြန့်စွာ ဆွေးနွေးကြခြင်းတွေနဲ့ နိုင်ငံရဲ့ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်း ရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြန်လည်သင့်မြတ်ရေးနဲ့ သဟဇာတဖြစ်ရေးတို့မှာ အထောက်အကူဖြစ်စေဖို့ ငြိမ်းချမ်းရေး စကားဝိုင်းကို ကျင်းပပြုလုပ်ခြင်း ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးစကားဝိုင်းကို သုံးရက်တာ ကျင်းပဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ နိုင်ငံရေးနဲ့ လုံခြုံရေးကဏ္ဍ၊ စီးပွားရေးနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍတို့ကို အဖွဲ့နှစ်ဖွဲ့ခွဲပြီး ဆွေးနွေးသွားကြမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် ခေါင်းစဉ်အနေနဲ့ နိုင်ငံရေးနဲ့ လုံခြုံရေးကဏ္ဍမှာတော့ လက်ရှိမြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ အနာဂတ်အလားအလာ၊ ပဋိပက္ခလျှော့ချရေးနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပေါ်ရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ဒေသတွင်းနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနဲ့ မြန်မာ့ငြိမ်းချမ်းရေး အခန်းကဏ္ဍ၊ ရွေးကောက်ပွဲ၊ လုံခြုံရေး၊ တည်ငြိမ်ရေးနဲ့ တရားဥပဒေစိုးမိုးရေးဆိုင်ရာတို့ကို ဆွေးနွေးကြမှာဖြစ်ပါတယ်။

စီးပွားရေးနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှာတော့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ အရေးပါတဲ့ကဏ္ဍ၊ ပဋိပက္ခလျှော့ချရေးကာလအတွင်း စီးပွားရေးကြွံ့ကြွံ့ခံမှုကို ကြိုးပမ်းရာမှာ ဆက်စပ်တဲ့ကဏ္ဍတွေကို ထည့်သွင်းစဉ်းစားခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုကိုပုံဖော်ခြင်းတို့ကို ဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးစကားဝိုင်းမှာ အလွှာအသီးသီးကနေရရှိလာတဲ့ အမြင်သဘောထား အကြံပြုချက်တွေ၊ ဘက်ပေါင်းစုံက ချဉ်းကပ်နိုင်မယ့်အခြေအနေတွေ၊ သတိထားရမယ့် စိန်ခေါ်မှုတွေနဲ့ အနာဂတ်မှာ ပေါ်ပေါက်လာနိုင်မယ့် ခြိမ်းခြောက်မှုတွေကိုသိရှိပြီး ငြိမ်းချမ်းရေးမှာ ပါဝင်သူတွေအကြား ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်တည်ဆောက်ပြီး ရရှိလာတဲ့ အကြံပြုချက်တွေကနေ ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်မယ့်လုပ်ငန်းစဉ်တွေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်တာတွေကို ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**စောမြရာဇာလင်း၊ ဥက္ကဋ္ဌ**
**ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)**

နိုင်ငံရေးတည်ငြိမ်မှ၊ နိုင်ငံရေးတိုးတက်မှ ကျွန်မတို့ လုံခြုံရေးကို ကောင်းကောင်းမွန်မွန် ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ကျွန်မကတော့ နိုင်ငံရေးနဲ့ လုံခြုံရေးကဏ္ဍမှာ အားဖြည့်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဆွေးနွေးပွဲကျင်းပတဲ့အတွက် အကျိုးကျေးဇူးတွေ အများကြီး ရရှိမှာဖြစ်ပါတယ်။

ကျွန်မတို့ NCA ကို လက်မှတ်ရေးထိုးပြီး ၂၁ ရာစုပင်လုံညီလာခံကို ကျင်းပခဲ့ကြတယ်။ ပင်လုံညီလာခံက သဘောတူညီချက်တွေကိုလည်း ပြန်လည်အကောင်အထည်ဖော်ဖို့လိုပါတယ်။ ငြိမ်းချမ်းရေးပေါ်မှာ သစ္စာတရားလက်ကိုင်ထားပြီး ရှေ့ဆက်ပြီး ချီတက်ရမှာ ဖြစ်ပါတယ်။ ကျွန်မအားသွန်ခွန်စိုက် ဆွေးနွေးဖို့ ငြိမ်းချမ်းရေးစကားဝိုင်းကို ရောက်ရှိလာရခြင်းဖြစ်ပါတယ်။

ဒီစကားဝိုင်းဆွေးနွေးပွဲကနေ ထွက်ပေါ်လာမယ့်ရလဒ်တွေကို ပြန်လည်သုံးသပ်ဆင်ခြင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတည်ငြိမ်အေးချမ်းဖို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကလည်း အရေးကြီးပါတယ်။ စီးပွားရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေရရှိဖို့ ဘယ်လိုလုပ်ရမလဲဆိုတာ ဒီဆွေးနွေးပွဲမှာ ဆွေးနွေးသွားကြမယ်လို့ ယုံကြည်ထားပါတယ်။

**ဒေါက်တာ အောင်မျိုး**
**နိုင်ငံရေးလေ့လာသုံးသပ်သူ**

လက်ရှိ နိုင်ငံမှာငြိမ်းချမ်းရေး လိုအပ်တယ်။ ဒါကြောင့် ငြိမ်းချမ်းရေးစကားဝိုင်းတွေ ပြုလုပ်ဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့ NSPC က အခုလိုမျိုး ငြိမ်းချမ်းရေးစကားဝိုင်းပြုလုပ်ပေးတာကို ကြိုဆိုပါတယ်။ ကျွန်တော့်အနေနဲ့ ဒီစကားဝိုင်းဆွေးနွေးပွဲမှာ ခေါင်းစဉ်တစ်ခုနဲ့ ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

စကားဝိုင်းဆွေးနွေးပွဲကနေ ငြိမ်းချမ်းရေးကို ဘယ်လိုဆက်လက်ဆောင်ရွက်မလဲ၊ ၂၀၂၅ ရွေးကောက်ပွဲကို ဘယ်လိုဆက်ပြီးတော့ အကောင်အထည်ဖော်မလဲဆိုတဲ့အတွေးတွေ၊ အမြင်တွေ အများကြီး ထွက်ပေါ်လာမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အားလုံးဝိုင်းဝန်းထောက်ခံပေးကြပါလို့ ပြောချင်ပါတယ်။

**ဒေါက်တာ အောင်မြတ်ဦး**
**ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**

ဆွေးနွေးပွဲ နောက်ဆုံးနေ့မှာ လုံခြုံရေးနဲ့ လူမှုအသိုက်အဝန်း ပြန်လည်တည်ဆောက်ရေးနဲ့ ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီများရဲ့ အခန်းကဏ္ဍနဲ့ စိန်ခေါ်မှု ခေါင်းစဉ်တွေကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

၂၀၂၅ ခုနှစ်အတွင်းမှာ ကမ္ဘာ့အခင်းအကျင်းကလည်း ပြောင်းလဲသွားပြီ။ မြန်မာ့နိုင်ငံရေး အခင်းအကျင်းကလည်း ဒါနဲ့လိုက်လျောညီထွေ ဖြစ်ဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့က လုံခြုံရေးပဲဖြစ်ဖြစ်၊ နိုင်ငံရေးပဲဖြစ်ဖြစ်၊ စီးပွားရေးပဲဖြစ်ဖြစ် သွားရမယ့်ပုံစံတွေကို ကြိုတင်ပြီး မှန်းဆတွက်ဆလို့ရအောင် ဒီဆွေးနွေးပွဲကို လုပ်တာဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲဟာ အစလို့ပြောလို့ရတယ်။ နောက်ပိုင်း ဒီထက်အဖွဲ့စုံပါတဲ့ ဆွေးနွေးပွဲတွေကို ကျင်းပသွားမယ်လို့ သိရပါတယ်။ ဒီပွဲမှာ ဆွေးနွေးမှုတွေကနေ တကယ်လုပ်ရမယ့် ကိစ္စရပ်တွေရဲ့ လမ်းကြောင်းတွေ ပေါ်လာတယ်။ ဆွေးနွေးချက်တွေ နားထောင်ရင်း ကိုယ့်ခေါင်းထဲမှာ တခြားလုပ်နိုင်တာတွေ၊ စဉ်းစားမိလာတာတွေ ရှိတဲ့အတွက် ဒီဆွေးနွေးပွဲဟာ ကျွန်တော်တို့အတွက် အကျိုးရှိသလို နိုင်ငံတော်အတွက်လည်း အကျိုးရှိမယ်လို့ မျှော်လင့်ပါတယ်။

**ဒေါ်လဲ့လဲ့သိန်း၊ ဒုတိယဝန်ကြီး(ငြိမ်း)**
**အမှုဆောင်အဖွဲ့ဝင် မြန်မာနိုင်ငံ မဟာဗျူဟာ နိုင်ငံတကာလေ့လာရေး**

ဒီကနေ့ ဆွေးနွေးပွဲမှာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်တဲ့အခါမှာ စီးပွားရေးကဏ္ဍဟာ အရေးပါ အရာရောက်တဲ့ ကဏ္ဍတစ်ခုဆိုတာကို ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ဆွေးနွေးပွဲမနက်ပိုင်းမှာ ဆွေးနွေးခဲ့တဲ့အကြောင်းအရာတွေက ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေသလို ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ရမယ်။

*စာမျက်နှာ ၁၀ သို့*

## ယနေ့တပ်မတော်၏ အခိဋ္ဌာန်

❖ အရေးသုံးပါး ဦးထိပ်ထား၍
ကြီးမားတာဝန် သုံးရပ်မွန်ကို
ကျေပွန်အောင်ထမ်း မနားတမ်းတည့်
အားထည့်ခွန်စိုက် လုံ့လပိုက်ကာ
ကျရာကဏ္ဍ ကျေပွန်ကြမည်
ဒါမှဒို့ရဲ့အောင်စစ်သည်။
❖ စစ်မှန်ထာဝရ ငြိမ်းချမ်းရအောင်
ဒို့ကြံဆောင်ပြီး ဖွဲ့စည်းဥပဒေ
ရှိလေသည့်အတိုင်း မဆိုင်းမတွ
လိုက်နာကြစေ အင်စီအေအတိုင်း
တစ်သဝေမတိမ်း စောင့်ထိန်းကြရန်
တစ်နိုင်ငံလုံး စည်းရုံးဆက်စပ်
အပစ်ရပ်ရေး ဒို့ဆွေးနွေးမည်
မဝေးစေရ ငြိမ်းချမ်းသည့်ဘဝ။
❖ တိုင်းသူပြည်သား အများအပေါ်
မတော်မတရား အန္တရာယ်များမှ
ကင်းဝေးကြပြီး ဘဝလုံခြုံ
ကိုယ်လုံးစီးပွား တိုးတက်သွားအောင်
ကူညီဆောင်ရွက် လေးနက်ကတိ
ထားရှိသွားမည် ဤကားယနေ့တပ်မတော်။
❖ အရေးပေါ်ကာလ လွန်မြောက်ကြလျှင်
ကျင်းပချီးဝှဲ ရွေးကောက်ပွဲကို
ဆင်နွှဲနိုင်အောင် ကူညီဆောင်ရွက်
ဆက်လက်တည်ဦ ဒီမိုကရေစီနှင့်
ပါတီပေါင်းစုံ အုပ်ချုပ်ပုံဝယ်
ဖက်ဒရယ်စနစ် ပေါ်ထွန်းသစ်စေ
ရောက်ရလေအောင် ဝိုင်းဝန်းဆောင်ရွက်
မပျက်သစ္စာ ဆိုဝံ့ပါသည်
ဒို့ဟာမြန်မာ့တပ်မတော်။
❖ သြော်
နှစ်ပေါင်းရှစ်ဆယ် ဘယ်ဝယ်မျှော်မှန်း
တိုင်သည့်လမ်းထိ မနွမ်းမပျော့ မပေါ့မဆ
သတိရှိစွဖြင့် မဆွချီတက် တိုင်းပြည်အတွက်မို့
အသက်အပ်နှင်း အောင်ခြင်းခဏ ရပါစေကြောင်း
ဆုမွန်တောင်းသည် စဉ်လာကောင်းသည့်တပ်မတော်။

ဘိုမျိုး(ရွှေဘို)

## ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၂၄



ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း နှင့် တာဝန်ရှိသူများ၊ အခြားနီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အခြေခံ ကျန်းမာရေး ဝန်ထမ်းများ၊ မိတ်ဖက် အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက တီဘီရောဂါသည် အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် ကူးစက်သော ရောဂါဖြစ်ပြီး ကမ္ဘာပေါ်တွင် အသေအပျောက်အများဆုံး ရောဂါများထဲမှ တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် ဦးစားပေးဖြေရှင်းရမည့် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်လည်း ဖြစ်ကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ တီဘီရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတို့ကို သုညအထိ လျှော့ချရန် ရည်မှန်းချက်ဖြင့် တီဘီရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများကို နီးနွယ်ဝန်ကြီးဌာနများ၊ ပြည်တွင်း /ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း။

တီဘီရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုမည့် တီဘီဆေးနှင့် ဆေးပစ္စည်းများကို နိုင်ငံတော်ရန်ပုံငွေဖြင့် ဝယ်ယူဖြည့်တင်းပေးလျက်ရှိရာ ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် ၁၅ ဒသမ ၅ ဘီလီယံ ခွဲဝေချထားသုံးစွဲခဲ့ပါကြောင်း၊ တီဘီလူနာ ရှာဖွေတွေ့ရှိမှုနှုန်း၊ ဆေးကုသမှု အောင်မြင်နှုန်း ရည်မှန်းချက် မပြည့်မီသော တိုင်းဒေသကြီး/ ပြည်နယ်များ အနေနှင့် ပိုမို၍ ကြိုးစားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တီဘီလူနာတွေ့ရှိပါက ကျန်းမာရေးဝန်ကြီးဌာနသို့ မဖြစ်မနေ မပျက်မကွက် သတင်းပို့ကြရန် လိုအပ်ပြီး တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပုဂ္ဂလိကဆေးရုံ/ဆေးခန်းများ ပိုမိုပါဝင်လာအောင် ဆောင်ရွက်ရန်လိုကြောင်း။

ကလေးများတွင် တီဘီရောဂါရှာဖွေခြင်းကို အဆင့်မြင့်ဓာတ်ခွဲပစ္စည်းများဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ကျောင်းအခြေပြု တီဘီရောဂါ ရှာဖွေရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တီဘီလူနာနှင့် အတူနေမိသားစုထဲမှ အသက်ငါးနှစ်အောက် ကလေးများကို တီဘီရောဂါ မဖြစ်ပွားအောင် တီဘီရောဂါ ကာကွယ်ဆေး တိုက်ကျွေးခြင်းကို ဆောင်ရွက်လျက်ရှိပြီး အသက်ငါးနှစ် အထက်ရှိသူများကိုလည်း တီဘီရောဂါ ကာကွယ်ဆေး တိုက်ကျွေးရန် စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသား တီဘီရောဂါ တိုက်ဖျက်ရေး စီမံကိန်းသည် တီဘီရောဂါ ရှာဖွေခြင်းလုပ်ငန်းတွင် အချိန်မရွေး၊ နေရာဒေသမရွေး စမ်းသပ်စစ်ဆေးပေးနိုင်သည့် အဆင့်မြင့်နည်းပညာသုံး စက်ပစ္စည်းများကို အသုံးပြုသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် “တီဘီရောဂါ ပပျောက်ဖို့ ကတိပြု ရင်းနှီးမြှုပ်နှံလို့ အားလုံးပါဝင်ဆောင်ရွက်စို့” နှင့်အညီ တီဘီရောဂါပပျောက်ရေးအတွက် အားလုံးပါဝင် ကတိကဝတ်ပြုကြပြီး လူအင်အား၊ ငွေအင်အား ရင်းနှီးမြှုပ်နှံကြကာ တီဘီရောဂါ ကာကွယ်ကုသရေး ဝန်ဆောင်မှုများကို လူတိုင်း လက်လှမ်းမီရရှိနိုင်ရန် အားလုံး လက်တွဲ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ပြခန်းငယ်ကို လှည့်လည် ကြည့်ရှုကြကြောင်း သိရသည်။

သတင်းစဉ်

*စာမျက်နှာ ၉ မှ*

ဒါ့အပြင် စီးပွားရေးတိုးတက်ရေးကိုလည်း ဆောင်ရွက်ရမယ်။ စီးပွားရေးတိုးတက်မှုကို ဆောင်ရွက်တဲ့အခါမှာ သူ့ကိုအထောက်အကူပြုမယ့် လူမှုရေး၊ နိုင်ငံရေးနဲ့ ကျန်တဲ့ အချက်တွေဖြစ်တဲ့ ပညာရေးကဏ္ဍတွေ၊ ကျန်းမာရေးကဏ္ဍတွေအကုန်လုံးကို ဖြည့်ဆည်း ဆောင်ရွက်မယ်။ စီးပွားရေးကဏ္ဍကြီး တစ်ခုပဲမဟုတ်ဘဲ ဆက်စပ်နေတဲ့ ကဏ္ဍတွေကိုပါ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမယ်။

ငြိမ်းချမ်းရေးအတွက်တင်မကဘူး၊ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေတဲ့ လိုအပ်တဲ့အချက်အလက်တွေ၊ အခြေအနေတွေ၊ ဒါ့အပြင် စီးပွားရေးတိုးတက်ဖို့အတွက် ကျွန်မတို့နိုင်ငံက စိန်ခေါ်မှုတွေ အများကြီးရှိတယ်။ အဲဒီစိန်ခေါ်မှုတွေကို ကျော်လွှားဖို့၊ စီးပွားရေးတိုးတက်ဖို့အတွက် ဘယ်လိုလုပ်ဆောင်ကြမလဲ ဆိုတဲ့ အချက်တွေကိုပါ ဆွေးနွေးတဲ့အတွက်ကြောင့် ငြိမ်းချမ်းရေးအတွက်သာမက နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးအတွက်တွေပါ အကျိုးရှိတယ်လို့ ထင်ပါတယ်။

**ဦးကိုကိုကြီး**
**ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ**

ဒီနေ့ဆွေးနွေးပွဲမှာ စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွေ ဆွေးနွေးမှာဖြစ်ပါတယ်။ စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလို့ပြောတော့ Political Economy နိုင်ငံရေးနဲ့ စီးပွားရေးနဲ့က ဆက်စပ်နေတယ်။ လုံခြုံရေးနဲ့ လူ့အဖွဲ့အစည်း လူမှုအသိုင်းအဝိုင်းကို ပြန်လည်တည်ဆောက်တဲ့ ကိစ္စတွေပေါ့။ နောက်ပြီး ရွေးကောက်ပွဲမှာ ကျွန်တော်တို့ နိုင်ငံရေးပါတီတွေရဲ့ အခန်းကဏ္ဍ၊ စိန်ခေါ်မှုကိစ္စတွေကို ဆွေးနွေးမှာဖြစ်ပါတယ်။

လက်ရှိနိုင်ငံမှာဖြစ်နေတဲ့ ပဋိပက္ခတွေကို ကျော်လွှားနိုင်ဖို့အတွက် ရွေးကောက်ပွဲက အရေးကြီးလာပါတယ်။ ဒါ့ကြောင့်လည်း ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီတွေရဲ့ အခန်းကဏ္ဍ၊ နောက်ပြီး ကျွန်တော်တို့ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှု အဲဒီကိစ္စတွေကိုလည်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အမြဲတမ်း ကျွန်တော်တို့က တွေ့ဆုံဆွေးနွေးပြီး ဖြေရှင်းမယ်ဆိုတဲ့ ယုံကြည်မှုခိုင်မာနေသရွေ့ ကျွန်တော်တို့ ငြိမ်းချမ်းရေးမျှော်လင့်ချက် အားကောင်းနေမယ်။

အခုဆွေးနွေးပွဲကတော့ အထူးသဖြင့် ပြည်တွင်းက နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်တွေပါဝင်ပြီး စတင်ဆွေးနွေးမှုဟာ အစကောင်းတဲ့ ခြေလှမ်းလို့ ကျွန်တော်တို့ မြင်ပါတယ်။ နောက်ပိုင်း ပိုပြီးကျယ်ပြန့်တဲ့ ဆွေးနွေးပွဲတွေ ဆက်လုပ်သွားရင် အသံလည်း ပိုစုံလာမယ်၊ ဘာပဲပြောပြော မူဝါဒချမှတ်တဲ့သူတွေ အတွက်တော့ စဉ်းစားစရာ အချက်အလက်တွေလည်း ပိုပြီးတော့ ပြည့်စုံလာမယ်လို့ ကျွန်တော်ကတော့ မြင်ပါတယ်။

**တွေ့ဆုံမေးမြန်း – သန်းကျော်အောင်**
**ဓာတ်ပုံ– ဂျူင်းလော(သတင်းစဉ်)**

## ကျိုက္ခမီမြို့ မူလတန်းကြိုကျောင်း၌ ကျောင်းဆင်းလက်မှတ်ပေးအပ်

**သံဖြူဇရပ် မတ် ၂၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်း၏ ၂၀၂၄–၂၀၂၅ ပညာသင်နှစ် ရင်သွေးငယ်များ သင်ယူပြီးမြောက်၍ ပဒေသာကပွဲနှင့် ကျောင်းဆင်းလက်မှတ် ပေးအပ်ပွဲကို မတ် ၂၂ ရက်က ကျိုက္ခမီမြို့မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကိုယ့်အားကိုယ်ကိုး မူလတန်းကြို ကျောင်းဝင်း၌ကျင်းပရာ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမာက အမှာစကားပြောကြားပြီး ၂၀၂၄–၂၀၂၅ ပညာသင်နှစ် သင်ယူပြီးမြောက်ခဲ့သည့် ရင်သွေးငယ် ၄၅ ဦးအား ကျောင်းအုပ်ဆရာမ ဒေါ်အေးမြတ်ဖြူနှင့် ဆရာမများက ကျောင်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တစ်ချိန်က တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲများ

ကို(တက္ကသိုလ်)

> ☆ ပြိုင်ပွဲဝင်တို့အနေဖြင့် အကြောင်းအရာ ကုန်ကြမ်းရှာဖွေရာမှ နိုင်ငံ့သမိုင်း၊ တပ်မတော်သမိုင်း၊ လွတ်လပ်ရေးသမိုင်းနှင့် သမိုင်းဝင်တိုက်ပွဲများ၊ တရားသောစစ်ပွဲများအကြောင်း ဗဟုသုတရရှိစေသည်။ တပ်မတော်နှင့်ပြည်သူကို ရင်းနှီးနွေးထွေးစေသည်။ ဤသည်တို့မှာ တပ်မတော်နေ့ ကဗျာပြိုင်ပွဲက ရယူပေးခဲ့သော အကျိုးကျေးဇူးများပင် . . .
>
> ☆ ပြိုင်ပွဲဝင်တွေ လူမျိုးလူတန်းစားစုံသည်။ တိုင်းရင်းသားတွေ၊ ကျောင်းသူ ကျောင်းသားတွေ၊ ဆရာဝန်၊ ဈေးသည်၊ စစ်သား၊ ရဲတပ်ဖွဲ့ဝင်၊ အလုပ်သမားတွေသာမက သံဃာတော်အချို့ပင် ယှဉ်ပြိုင်၏။ ၎င်းတို့၏ လက်ရာတွေကလည်း ရေးဖွဲ့ပုံစုံလှ . . .

တပ်မတော်နေ့ နီးကပ်လာတိုင်း တစ်ချိန်က တပ်မတော်နေ့လုပ်ငန်းတွင် ပါဝင်ခဲ့ရပုံကို ပြန်လည်သတိရမြဲဖြစ်သည်။ ထိုလုပ်ငန်းမှာ တပ်မတော်နေ့ စာပေနှင့် အနုပညာပြိုင်ပွဲလုပ်ငန်းဖြစ်သည်။ ၂၀၀၁ ခုနှစ် (၅၆) နှစ်မြောက် တပ်မတော်နေ့ပြိုင်ပွဲမှစ၍ နေပြည်တော်မပြောင်းရွှေ့မီ ၂၀၀၄ ခုနှစ် (၅၉) နှစ်မြောက် တပ်မတော်နေ့ပြိုင်ပွဲအထိ ကျွန်တော်ပါဝင်ခဲ့ပုံကို မှတ်မိနေသေးတော့သည်။

ထိုစဉ်က တပ်မတော်နေ့ဆိုင်ရာပြိုင်ပွဲများကို စစ်ဦးစီးအရာရှိချုပ်(လေ)က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော 'စာပေအနုပညာပြိုင်ပွဲ ကော်မတီ' က ကြီးကြပ်သည်။ ကော်မတီ၏ လက်အောက်တွင် လုပ်ငန်းကော်မတီ သုံးခုရှိ၏။ ၎င်းတို့မှာ အထက်တွင် ဆိုခဲ့သော 'ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ'၊ 'ကဗျာ၊ စာစီစာကုံးပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ' နှင့် 'စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ' တို့ ဖြစ်ကြ၏။

စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးသည်။ လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် ဖြစ်၏။

ကဗျာ၊ စာစီစာကုံး ကျင်းပရေးလုပ်ငန်းကော်မတီသည် ကျောင်းသူ ကျောင်းသားတို့၏ ကဗျာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို အတန်းခွဲ၍ ကျင်းပပေးသည်။ ဥက္ကဋ္ဌမှာ ပညာရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင် ဖြစ်သည်။

ကျွန်တော်ပါဝင်သော ကဗျာနှင့် အနုပညာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးညွန့် (ထီလာစစ်သူ) ဖြစ်ပါသည်။ ဤလုပ်ငန်းကော်မတီ၏လက်အောက်တွင် 'ကဗျာပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ'၊ 'ပန်းချီ၊ ပန်းပုပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ'၊ 'စစ်ချီစစ်ရေးတေး ကျင်းပရေး ဆပ်ကော်မတီ' နှင့် 'ပြခန်းခင်းကျင်းပြသရေး ဆပ်ကော်မတီ' ဟူ၍ ဆပ်ကော်မတီလေးခု ဖွဲ့စည်းထားလေသည်။

ကဗျာပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ဥက္ကဋ္ဌမှာ ဂီတစာဆို ဦးမောင်မောင်လတ် (ကဗျာဆရာ–နောင်) ဖြစ်သည်။ ပန်းချီ ပန်းပုဥက္ကဋ္ဌမှာ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပါချုပ် ဦးတင်စိုး၊ စစ်ချီစစ်ရေးတေး ဥက္ကဋ္ဌမှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး (ရေဒီယို) ဦးကိုကိုထွေး၊ ယင်းဆပ်ကော်မတီသုံးခု၏ အနုပညာပစ္စည်းများကို ခင်းကျင်းပြသပေးရသော ဆပ်ကော်မတီဥက္ကဋ္ဌမှာ ညွှန်ကြားရေးမှူးချုပ် (ပြတိုက်) ဦးမြင့်သိန်းဆွေတို့ ဖြစ်ကြ၏။

ကျွန်တော်က ကဗျာပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီတွင် အဖွဲ့ဝင်ဖြစ်ပြီး ဆရာနောင်၊ ဆရာညွန့်ဝေ(ကသာ)၊ ဆရာပျဉ်းမနားမောင်နီသင်း၊ ဆရာမြင်းမူမောင်နိုင်မိုး၊ ဆရာမောင်ကြင်နွယ်၊ ဆရာမောင်သော်မော်၊ ဆရာမ ချိုမြနွယ်တို့နှင့် အတူ ပြိုင်ပွဲဝင်ကဗျာတို၊ ကဗျာရှည်များကို ဖတ်ရှုအကဲဖြတ်ပေးရသည်။

ကဗျာဆုရွေးချယ်ပုံစနစ်မှာ အကြောင်းအရာ၊ တင်ပြပုံ၊ ရေးဖွဲ့ပုံဟူသောအချက်သုံးချက်ကို အဓိကထားကြည့်သည်။ မြန်မာကဗျာစပ်ထုံးစပ်နည်းနှင့် ညီညွတ်စွာ ရေးဖွဲ့ရသည်။ အကြောင်းအရာအားဖြင့် တပ်မတော်နှင့်သက်ဆိုင်သောအကြောင်းအရာ၊ တိုင်းပြုပြည်ပြုအကြောင်းအရာ၊ တိုင်းရင်းသားသွေးစည်းညီညွတ်မှုအကြောင်းအရာများဖြစ်သောကြောင့် မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေသည်။ အစဉ်အလာစပ်ထုံးစပ်နည်းကို လေ့လာရေးဖွဲ့ကြရသဖြင့် စာပေယဉ်ကျေးမှုအမွေအနှစ်ကို စောင့်ထိန်းရာရောက်သည်။ ကဗျာကလောင်သစ်များကို မွေးထုတ်ပေးနိုင်ခဲ့သည်။ ပြိုင်ပွဲဝင်တို့အနေဖြင့် အကြောင်းအရာ ကုန်ကြမ်းရှာဖွေရာမှ နိုင်ငံ့သမိုင်း၊ တပ်မတော်သမိုင်း၊ လွတ်လပ်ရေးသမိုင်းနှင့် သမိုင်းဝင်တိုက်ပွဲများ၊ တရားသောစစ်ပွဲများအကြောင်း ဗဟုသုတရရှိစေသည်။ တပ်မတော်နှင့်ပြည်သူကို ရင်းနှီးနွေးထွေးစေသည်။ ဤသည်တို့မှာ တပ်မတော်နေ့ ကဗျာပြိုင်ပွဲက ရယူပေးခဲ့သော အကျိုးကျေးဇူးများပင်။

**မော်ကွန်းကဗျာရှည်ကြီးများ အားရဖွယ်ကောင်း**

ပြိုင်ပွဲဝင်တွေ လူမျိုးလူတန်းစားစုံသည်။ တိုင်းရင်းသားတွေ၊ ကျောင်းသူကျောင်းသားတွေ၊ ဆရာဝန်၊ ဈေးသည်၊ စစ်သား၊ ရဲတပ်ဖွဲ့ဝင်၊ အလုပ်သမားတွေသာမက သံဃာတော်အချို့ပင် ယှဉ်ပြိုင်၏။ ၎င်းတို့၏ လက်ရာတွေကလည်း ရေးဖွဲ့ပုံစုံလှသည်။ လေးလုံးစပ်လင်္ကာ၊ တျာချင်း၊ ဒွေးချိုး၊ လေးချိုး၊ လေးချိုးကြီး၊ ကာချင်း စသည်ဖြင့် အကြောင်းအရာနှင့်ဆီလျော်သော ကဗျာပုံသဏ္ဌာန်ကို ရွေးချယ်စပ်ဆိုကြသည်။ အားလုံးကောင်းသည်ဟုတော့မဆိုပါ။ ကာရန်လွတ်သော၊ အကြောင်းအရာအားပျော့သော ကဗျာတွေပါသကဲ့သို့ အံ့သြချီးမွမ်းလောက်သည့် လက်ရာကောင်းများကိုလည်း တွေ့ရလေသည်။ အထူးသဖြင့် စစ်ပွဲအကြောင်း၊ ဘုရင်(မင်း)အကြောင်း ရေးဖွဲ့သော မော်ကွန်းကဗျာရှည်ကြီးများမှာ အားရဖွယ်ကောင်းလှသည်။

ကဗျာဆပ်ကော်မတီသည် ပြိုင်ပွဲကျင်းပပေးရုံသာမကဘဲ ပြိုင်ပွဲကို လူသိများအောင်၊ ပါဝင်ယှဉ်ပြိုင်ချင်အောင် ပညာပေးစည်းရုံးသော လုပ်ငန်းတစ်ခုကို ကြိုတင်လုပ်ဆောင်ရသည်။ ဆပ်ကော်မတီအဖွဲ့ဝင်တွေ လှည့်ခွဲ၍ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှတစ်ဆင့် ကဗျာပြိုင်ပွဲအကြောင်း သိကောင်းစရာများကို ပညာပေးထုတ်လွှင့်ပေးခဲ့သည်။ ဤ Informative Talk အစီအစဉ်ကို မြန်မာနိုင်ငံစာနယ်ဇင်း(ဗဟို)က ပါဝင်ကူညီခဲ့သည်။ ထို့အပြင် မဂ္ဂဇင်း၊ သတင်းစာများတွင် ဆောင်းပါးရေးခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ မြို့နယ်ပြန်ကြားရေးရုံးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများတွင် ကြော်ငြာကပ်ခြင်းနည်းလမ်းများကိုပါ အသုံးပြုခဲ့သည်။ အရာထင်ပါသည်။ ဥပမာ (၅၆) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲတွင် အဆင့်(၁)၊ အဆင့်(၂)တို့မှ ကဗျာတို/ရှည် စုစုပေါင်း ၁၈၈ ပုဒ် ယှဉ်ပြိုင်ခဲ့၏။ နောက်နှစ်တွင် ကဗျာတို/ရှည် စုစုပေါင်း ၂၃၉ ပုဒ် ရှိသဖြင့် ၅၁ ပုဒ် တိုးလာပါသည်။

ကျွန်တော်သည် ၂၀၀၃ ခုနှစ်တွင် ကဗျာပြိုင်ပွဲဆပ်ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ရသောကြောင့် ကဗျာပြိုင်ပွဲတစ်ခုသာမကတော့ဘဲ လုပ်ငန်းအားလုံးနှင့် သက်ဆိုင်လာပါတော့သည်။

ပန်းပုတွင် ဖွဲ့ခွာထုဆစ်ရသော သစ်သားပန်းပုနှင့် ဖို့မံရသော ပလပ်စတာပန်းပုဟူ၍ နှစ်မျိုးရှိသည်။ သစ်ကို သစ်တောဝန်ကြီးဌာန (ထိုစဉ်က အခေါ် အဝေါ်) က ရောင်းချပေးသည်။ သစ် တစ်တန်လျှင် ၃၆ လက်မထက် မမြင့်၊ အောက်ခြေ ၂၄ လက်မထက် မကြီးသော ရုပ်တုနှစ်ခုနှုန်းထွက်ရန် သတ်မှတ်ပေးထားသည်။ ဒါးပိန်၊ ပဲခူး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သာကေတ၊ ဒဂုံဆိပ်ကမ်းမြို့နယ်တို့မှ ပန်းပုပညာရှင်များအပြင် ယဉ်ကျေးမှုတက္ကသိုလ်မှ ပန်းပုအထူးပြု ကျောင်းသားများလည်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပန်းချီနှင့်ပန်းပုတွင် 'ပြပွဲတင်'နှင့် 'ပြိုင်ပွဲဝင်' ဟု နှစ်မျိုးရှိ၏။ ပြိုင်ပွဲဝင်ဆိုတာကတော့ ရှင်းပါသည်။ ဆုအတွက် ယှဉ်ပြိုင်သော ပန်းပုရုပ်နှင့်ပန်းချီကားဖြစ်သည်။ ပြပွဲတင်မှာ ဆုအတွက်မဟုတ်ဘဲ တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကြီးကို ဂုဏ်ပြုသောအားဖြင့် တင်ပြထားသော ပန်းချီ၊ ပန်းပုတွေဖြစ်ကြသည်။ ပန်းချီဆိုလျှင် ဆီဆေးလက်ရာသန့် ရောင်းတမ်းကားချပ်တွေဖြစ်၏။ ပန်းပုတွင် လူအရွယ်အစားတမျှ (Life Size) ရုပ်တု ခံ့ခံ့ညားညားတွေ ဖြစ်ပါ၏။

ပန်းချီနှင့်ပတ်သက်၍ မှတ်တမ်းတင်စရာတစ်ခုမှာ ကျွန်တော့်စိတ်ထင် (၅၇)နှစ်မြောက်လောက်မှစပြီး Centre Piece ခေါ် ဗဟိုပြကွက် ပန်းချီကားချပ်ကြီး ပါဝင်လာခြင်းဖြစ်၏။ တပ်မတော်ခန်းမ ဝင်ပေါက်၏ တည့်တည့်နံရံတွင် ချိတ်သည်။ အရွယ်အစားမှာ ၁၂ ပေ x ၆ ပေ ဖြစ်၏။ အကြောင်းအရာမှာ ဂန္ထဝင်တိုက်ပွဲတွေ၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေဖြစ်သည်။ ဤဗဟိုပြကွက် ပန်းချီကားချပ်ကို ရိုးရာပန်းချီပညာရှင်အစည်းအရုံးမှ ပန်းချီဆရာကြီးများနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ ပန်းချီနည်းပြ၊ ကထိကများက ရေးဆွဲကြသည်။ ကျွန်တော်မှတ်မိသမျှ မှတ်တမ်းတင်ရပါလျှင် ဦးသန့်ဇင်၊ ဦးစောလှိုင်၊ ဦးသောင်းဟန်၊ ဦးသစ်လွင်ဦး၊ ဦးစိုးမြင့်၊ ဦးမြင့်ဦးတို့ ဖြစ်ကြ၏။

တေးသီချင်းတွင်လည်း 'ဂုဏ်ပြုတေး' ဟူ၍ ရှိပါသေးသည်။ ဤတေးသီချင်းတွေသည် ဆုအတွက် ပြိုင်ပွဲဝင်သော စစ်ချီတေး၊ စစ်ရေးတေးတွေ မဟုတ်ချေ။ တပ်မတော်နေ့ကို ဂုဏ်ပြုရေးဖွဲ့သော အထူးသီချင်းတွေ ဖြစ်သည်။ ဤတေးအတွက် ဂီတပညာရှင် ၂၀ ကျော်ခန့်ကိုဖိတ်ပြီး ဘယ်သူက စစ်ချီတေးရေးမည်၊ ဘယ်ဝါက စစ်ရေးတေး ရေးမည်ဟု ညှိနှိုင်းခွဲဝေပေးရသည်။ ကျွန်တော်မှတ်မိသော ဂုဏ်ပြုတေး တေးပြုစာဆိုများမှာ ဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင်မောင်ကိုကို၊ မောင်မောင်လတ်၊ အေဝမ်းစိုးမြင့်၊ ကိုလေးညွန့်၊ စန္ဒရားချစ်ဆွေ၊ ဟသ်ာတမြင့်ငွေ၊ အကော်ဒီယံအုန်းကျော်၊ ပန်တျာချစ်လှိုင်၊ ဝဏ္ဏကျော်ထင် စိန်မြမောင်၊ ကိုညွန့်ဝေ၊ စန္ဒရားချစ်မောင်၊ စန္ဒရားတင်ဝင်းလှိုင်တို့ ဖြစ်ကြသည်။

**ပြကွက်မထပ်အောင် ဖန်တီးရ**

နောက်ဆုံးဆပ်ကော်မတီမှာ ပြခန်းခင်းကျင်းရေးဖြစ်သည်။ ပြိုင်ပွဲကျင်းပပေးရသော ဆပ်ကော်မတီများထံမှ ဆုရလက်ရာများ၊ ဆုရပြိုင်ပွဲဝင်တို့၏ ဓာတ်ပုံနှင့် ကိုယ်ရေးအကျဉ်းများကို လက်ခံရယူ၍ ပရိသတ်စိတ်ဝင်စားအောင် ခင်းကျင်းပြသရသည်။ ပြောတော့ အလွယ်ကလေးပါ။ သို့သော် သူ့အလုပ်မှာ အတော်လက်ဝင်၏။ ဆွဲဆောင်မှုရှိအောင် ကြံရဖန်ရသည်။ တစ်နှစ်နှင့် တစ်နှစ် ပြကွက်မထပ်အောင် ဖန်တီးရသည်။

တင်ပြပါ ဆပ်ကော်မတီလေးခုအပြင် ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီတွင် အထူးတာဝန်တစ်ရပ် ရှိနေပါသေးသည်။ ထိုတာဝန်ကား လုပ်ငန်းကော်မတီသုံးခုစလုံးမှ ဆုရကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ပန်းပုအရုပ်များကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေ ရောင်းချပေးရခြင်းပင်တည်း။ ဒါတင်မက ဘာသာပြန်စာအုပ်ပါ ထုတ်ဝေရခြင်းပင်တည်း။ စာအုပ်အမျိုးအစား လေးခု ထွက်လာပါသည်။ (၁) ကဗျာ–တေးသီချင်းစာအုပ်၊ (၂) ကဗျာ–စာစီစာကုံးစာအုပ်၊ (၃) ပန်းချီ၊ ပန်းပုစာအုပ်၊ (၄) ဘာသာပြန်စာအုပ်တို့ဖြစ်သည်။

သို့ဖြစ်ရာ ကျွန်တော်တို့လုပ်ငန်းကော်မတီသည် အခြားလုပ်ငန်းကော်မတီနှစ်ခုမှ ဆုရစာမူတွေကို လက်ခံရယူရသည်။ ဘာသာပြန်ဆရာတွေထံ ပို့ပေးရသည်။ အချိန်မီဘာသာပြန်ပြီးဖို့ နှိုးဆော်ရသည်။ ဘာသာပြန်ပြီးစာမူများကို တက္ကသိုလ်ပုံနှိပ်တိုက်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်တိုက်သို့ ပို့ပေးရသည်။ စက္ကူလျှော့ကျော်ရန် စီစဉ်ပေးရသည်။ အဖုံးအတွက် ပန်းချီအပ်ရသည်။ စာအုပ်ဖြစ်သောအခါ ဖြန့်ဝေရသည်။ ထိုအလုပ်က နှစ်လုံးပေါက်သည်။ ပြိုင်ပွဲအလုပ်က ခဏအတွင်းပြီးပြတ်သည်။ ပုံနှိပ်ထုတ်ဝေဖြန့်ချိရေးကတော့ နောက်နှစ်ကူးသည်။ တစ်နှစ်စာမပြတ်ခင် နောက်တစ်နှစ်စာ စကိုင်နေရပြီ။

ကျွန်တော်တို့ လုပ်ငန်းကော်မတီတာဝန်အားလုံးပြီးဆုံးအောင် ထမ်းဆောင်နိုင်ခဲ့ကြသည်မှာ ဆပ်ကော်မတီဝင်တွေကြောင့် တစ်ခုတည်းသော မဟုတ် နောက်ကွယ်မှ နှစ်လုံးပေါက်လုပ်အားပေးခဲ့ကြသော ယဉ်ကျေးမှုဝန်ကြီးဌာနရုံးအဖွဲ့၏ စွမ်းဆောင်မှုကိုလည်း အသိအမှတ်ပြုရပေမည်။ ရုံးအဖွဲ့မှူး ဦးခင်မောင်ဝင်း၊ ဦးအောင်ကြည်မြင့်၊ ဒေါ်ခင်စိုးမြင့်၊ ဦးကျော်ဆန်းဦး၊ ဦးကျော်သီဟ၊ ဒေါ်တင်တင်ဌေးနှင့် ဒေါ်မေဝင်းမော်တို့သည် ကဗျာနှင့်အနုပညာပြိုင်ပွဲ လုပ်ငန်းကော်မတီ၏ အမာခံအင်အားတွေဖြစ်ကြသည်။

ကျွန်တော့်အနေဖြင့် တပ်မတော်အတွက် ကိုယ်ကျွမ်းကျင်ရာအလုပ်ဖြင့် ကျေးဇူးဆပ်ခွင့်ရခဲ့သောကြောင့် ဝမ်းသာပီတိဖြစ်ရသလို ဂုဏ်လည်းယူရပါသည်။ တစ်ခေတ်တစ်ချိန်က တောက်ပခဲ့ဖူးသော တပ်မတော်နေ့အထိမ်းအမှတ် အနုပညာပြိုင်ပွဲ လုပ်ငန်းကော်မတီများကို ဤဆောင်းပါးဖြင့် မှတ်တမ်းတင်ဂုဏ်ပြုလိုက်ရပါသည်။ ။

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲ ကျင်းပ



နေပြည်တော် မတ် ၂၄

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ် သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံးအဆောက်အအုံ၌ ကျင်းပသည်။**

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ဖြစ်ပွားခဲ့သည့် မဲစာရင်းမှားယွင်းမှု၊ မဲစာရင်း ဖောင်းပွမှုများနှင့် မဲမသမာမှု ဖြစ်စဉ်များကို သုံးသပ်၍ မဲမသမာမှုဖြစ်နိုင်သည့် မဲလက်မှတ်ဖြင့် မဲပေးခြင်းစနစ်အစား အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ မဲပေးစက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ငါးခုနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ အပါအဝင် အဖွဲ့အစည်း ၄၇ ဖွဲ့တို့ရှိ မဲဆန္ဒရှင်ပြည်သူများ၊ နိုင်ငံရေးပါတီ ၃၅ ပါတီမှ ကိုယ်စားလှယ်များကို ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးစေခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

MEVM စက်များအသုံးပြု၍ မဲဆန္ဒရှင်ပြည်သူများ၏ လက်တွေ့စမ်းသပ် မဲပေးဆောင်ရွက်ခြင်းမှတစ်ဆင့် ရရှိလာသည့် အကြံပြုချက်များအပေါ် ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး စနစ်ပိုင်းဆိုင်ရာ သာမက လုံခြုံစိတ်ချရမှုအပိုင်း၊ မဲဆန္ဒရှင်များ၏ ယုံကြည်မှုအပိုင်း၊ ကြံ့ခိုင်မှုနှင့် အရည်အသွေးကောင်းမွန်မှု အပိုင်းများတွင်ပါ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲလက်မှတ်ဖြင့်မဲပေးခြင်းအစား မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် မဲပေးခြင်းသည် မြန်မာနိုင်ငံအတွက် ပထမဆုံးအကြိမ်ဆောင်ရွက်ခြင်းဖြစ်ရာ မဲဆန္ဒရှင်ပြည်သူများ လွယ်ကူစွာမဲပေးနိုင်ရေးနှင့် မဲပေးစက်ကိုင်တွယ်မည့်သူများ စနစ်တကျ ကိုင်တွယ်နိုင်ရေးသည် အဓိကကျသည့်အပိုင်းဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်ရှိ ဝန်ထမ်းများကို မြန်မာအီလက်ထရောနစ် မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်း သင်တန်းများ ပို့ချခဲ့သကဲ့သို့ မဲဆန္ဒရှင် ပြည်သူများကိုလည်း ရှင်းလင်းပြသခြင်းနှင့် လက်တွေ့မဲပေးစေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

ရွေးကောက်ပွဲ၌ မဲပေးစက် ကိုင်တွယ်ကြီးကြပ်မည့် သူများအား ဆင့်ပွားသင်တန်းများ ပို့ချပေးနိုင်ရန်အတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိ ဝန်ထမ်းများကို မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ရာ ၂၀၂၄ ခုနှစ်အတွင်း သင်တန်းအမှတ်စဉ် ကိုးခု ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၂၂၇ ဦးကို သင်တန်းပို့ချခဲ့ပြီးဖြစ်ကြောင်း၊ ယခုသင်တန်းသည် ၂၀၂၅ ခုနှစ်အတွက် ပထမဆုံးအကြိမ် သင်တန်းဖြစ်ပြီး သင်တန်းများ ဆက်လက်ပို့ချသွားမည်ဖြစ်ပါကြောင်း၊ ဆရာဖြစ်သင်တန်းဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် ကျွမ်းကျင်မှုရှိရန် လေးလေးနက်နက် သင်ယူကြရန် လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) တည်ဆောက်ပုံ နည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက် တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အား ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံတို့ကို လုပ်ငန်းညွှန်ကြားချက်များနှင့်အညီ သင်ကြားပြသပေးမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကို မတ် ၂၆ ရက် အထိ ဖွင့်လှစ်သွားမည်ဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာရေးနှင့်သင်ပြနည်းပညာဒီပလိုမာသင်တန်း(Dip.EP)ကို ဆရာ ဆရာမအင်အား ၁၃၀၁ ဦးဖြင့် ဖွင့်လှစ်

**ဘားအံ မတ် ၂၄**

ဆရာ့အတတ်ပညာရပ်များကို ပညာရေးနယ်ပယ်တွင် လက်တွေ့အသုံးချ အကောင်အထည်ဖော်နေကြသော ဆရာ ဆရာမများအား အရည်အချင်းထပ်မံမြှင့်တင်ပေးသောအားဖြင့် ပညာရေးနှင့်သင်ပြနည်းပညာဒီပလိုမာသင်တန်း (Dip.EP) အမှတ်စဉ် (၁/၂၀၂၅)ကို မတ် ၂၄ ရက်က ဘားအံပညာရေးဒီဂရီကောလိပ်၌ PPTT သင်တန်းတက်ရောက်အောင်မြင်ပြီးသော ဆရာ ဆရာမ အင်အား ၁၃၀၁ ဦးဖြင့် ဖွင့်လှစ်သည်။



သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဆရာ ဆရာမများအနေဖြင့် ယခုဖွင့်လှစ်သည့် သင်တန်းတွင် မိမိကိုယ်စွမ်း၊ ဉာဏ်စွမ်းများကို အစွမ်းကုန်စိုက်ထုတ်၍ တန်ဖိုးရှိသော ဆရာ့အတတ်ပညာရပ်များနှင့် ပြည့်စုံသည့် Expert Teacher မှသည် Leader Teacher များဖြစ်သည်အထိ ကြိုးစားကြစေလိုကြောင်း ပြောကြားပြီး သင်တန်းအတွက် ငွေကျပ် ၁၃၀၁၀၀၀၀ ကို သင်တန်းတက်ရောက်မည့် ဆရာ ဆရာမများထံ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဘားအံပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးက မြန်မာ့ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ (**အပေါ်ပုံ**)သင်တန်းကို လက်တွေ့တန်းပြကာလ အပါအဝင် မတ် ၂၄ ရက်မှ ဇူလိုင် ၃၁ ရက်အထိ လေးလကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်သည်။

ဆက်လက်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် နွေရာသီအင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်ပွဲကို နံနက် ၈ နာရီခွဲက ဘားအံမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အခြေခံပညာကျောင်းများတွင် ထက်၊လယ်မူအဆင့် သင်ကြားသင်ယူမှုပြီးဆုံးခဲ့သော ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရန်၊ အင်္ဂလိပ်စာအခြေခံကောင်းများရရှိစေရန်၊ အင်္ဂလိပ်စာထူးချွန်သူများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းချီးမြှင့်ငွေကျပ် ၃၉၁၆၈၀၀ ကို ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးထံ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးက နွေရာသီအင်္ဂလိပ်စာ အခြေခံသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းတက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူ၊ ကျောင်းသား ကျောင်းသူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဥပဒေအသိပညာဖြန့်ဝေခြင်း ဆင့်ပွားသင်တန်း ဖွင့်လှစ်

**နေပြည်တော် မတ် ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဝန်ထမ်းများအတွက် ဥပဒေအသိပညာဖြန့်ဝေခြင်း ဆင့်ပွားသင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၃၆) ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့် ဒေါက်တာတင်ထွဋ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် လုပ်ငန်းခွင်ဆိုင်ရာ အရည်အသွေးမြှင့် သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း၊ ထို့အတူ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ဝန်ထမ်းများ ထဲထဲဝင်ဝင် သိရှိနားလည်ပြီး တိတိကျကျ လိုက်နာနိုင်ရေးအတွက် အသိပညာဖြန့်ဝေခြင်း သင်တန်းအဖြစ် မိမိတို့ဝန်ကြီးဌာနတွင် ဖွင့်လှစ်ခြင်းဖြစ်၍ ကြိုးစားလေ့လာသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဥပဒေအသိပညာဖြန့်ဝေခြင်း ဆင့်ပွားသင်တန်း၌ အရာထမ်း ၃၆ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သိကောင်းစရာများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများ၊ Contract Business Laws စသည့် ဥပဒေများအပြင် နိုင်ငံ့ဝန်ထမ်း အရာထမ်းများ မဖြစ်မနေ သိထားသင့်သော ဥပဒေ (မူကြမ်း) ရေးဆွဲခြင်း၊ ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) ရေးဆွဲခြင်းဆိုင်ရာ၊ တစ်ဆင့်ခံဥပဒေ (မူကြမ်း) ရေးဆွဲခြင်းဆိုင်ရာ သိကောင်းစရာများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ စီးပွားရေး စာချုပ်စာတမ်းချုပ်ဆိုခြင်းဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများ ချုပ်ဆိုရာတွင် သတိပြုလိုက်နာရမည့် အချက်များကို ပို့ချဆွေးနွေးသွားမည်ဖြစ်ကာ ဧပြီ ၇ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# Nepal-Myanmar Partnership in Digital Transformation သို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ တက်ရောက်



နေပြည်တော် မတ် ၂၄

Nepal–Myanmar Partnership in Digital Transformation ကို မတ် ၂၄ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ Jasmine Nay Pyi Taw Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ၂၁ ရာစု ယနေ့ခေတ်ကာလတွင် စီးပွားရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုများကိုပြုလုပ်ရန် အထူးလိုအပ်ကြောင်း၊ ငွေရေးကြေးရေး ကဏ္ဍဆိုင်ရာ လုပ်ငန်းများကို ခေတ်နှင့်အညီဆောင်ရွက်နိုင်စေရေး၊ Public Sector တွင်လည်း အရေးကြီးသည့် အစိုးရကဏ္ဍများတွင် Digital ပိုင်းနှင့် Data သုံးသပ်မှုများကို ဆောင်ရွက်ခြင်း၊ စိစစ်မှုများပြုလုပ်ခြင်းတို့ကို သိရှိသဘောပေါက်စေသည့် အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေနိုင်ကြောင်း၊ ယနေ့ကျင်းပသည့် အခမ်းအနားတွင် နီပေါနိုင်ငံ၏ အစိုးရဘဏ်များ၊ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲခြင်းလုပ်ငန်းများတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းတို့ကို သိရှိရမည်ဖြစ်ခြင်းကြောင့် တက်ရောက်လာသူများသို့ ဗဟုသုတများစွာ ပံ့ပိုးပေးနိုင်မည်ဖြစ်သဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို ရရှိစေနိုင်ပါကြောင်းတို့ကို ပြောကြားသည်။

ထို့နောက် နီပေါနိုင်ငံဘက်မှ ၎င်းတို့၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြခဲ့ကြရာ တက်ရောက်လာကြသူများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ **သတင်းစဉ်**

## (၂၃)ကြိမ်မြောက် ခွဲစိတ်ဆရာဝန်များညီလာခံဖွင့်ပွဲ ကျင်းပ

## ညီလာခံမှတစ်ဆင့် အသိပညာ၊ အတတ်ပညာ နည်းလမ်းသစ်များ လေ့လာဆည်းပူးနိုင်



ရန်ကုန် မတ် ၂၄

(၂၃) ကြိမ်မြောက် ခွဲစိတ်ဆရာဝန်များညီလာခံ (23rd Biennial Surgeons' Conference) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားဆေးပညာရှင်ကြီးများ၊ ပြည်တွင်းပြည်ပမှ ခွဲစိတ်အထူးကုဆရာဝန်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက ဆေးပညာသည် နက်နဲကျယ်ပြန့်ပြီး ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေခြင်းကြောင့် ဘာသာရပ်ဆိုင်ရာညီလာခံ၊ နှီးနှောဖလှယ်ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ စာတွေ့ လက်တွေ့ သင်ကြားပြသမှုများသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာ ဆေးပညာရှင်များပါ ပါဝင်၍ ဘာသာရပ်ဆိုင်ရာညီလာခံ ကျင်းပနိုင်ခြင်းကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ခွဲစိတ်ကု ပညာရပ်ဆိုင်ရာ အောင်မြင်မှုများအနေဖြင့် ယခင်က ပုံမှန်သမားရိုးကျ ခွဲစိတ်ကုသမှုမှသည် ယခုအခါ နိုင်ငံတကာအဆင့်မီ ကိုယ်တွင်းကြည့် မှန်ပြောင်းများဖြင့် ခွဲစိတ်ကုသပေးနိုင်ခြင်း၊ အသည်းအစားထိုးခွဲစိတ်ကုသမှု၊ ကျောက်ကပ် အစားထိုး ခွဲစိတ်ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ ယနေ့ ကျင်းပသည့် ညီလာခံမှတစ်ဆင့် အသိပညာ၊ အတတ်ပညာ နည်းလမ်းသစ်များ လေ့လာဆည်းပူးနိုင်ပြီး နိုင်ငံသားများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းကို မြှင့်တင်နိုင်သော အရည်အသွေးပြည့်ဝသည့် သမားကျင့်ဝတ်နှင့်အညီ ပြုမူကျင့်ကြံနေထိုင်သော ခွဲစိတ်အထူးကုပညာရှင်များဖြစ်စေကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ခွဲစိတ်ကု ပညာရပ်ဆိုင်ရာ ခွဲစိတ်ကုပညာအဖွဲ့ ဥက္ကဋ္ဌ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ခွဲစိတ်ကုပညာဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာ မိုးမိုးတင်က နှုတ်ခွန်းဆက်စကား ပြောကြားကာ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ကျောင်းသူများက "မင်္ဂလာပါ" သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညီလာခံကို ဖွင့်လှစ်ပေးပြီး Poster Presentation နှင့်ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ညီလာခံကို ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘောဒီးယား၊ ဂျပန်၊ အိန္ဒိယ၊ နီပေါ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တောင်ကိုရီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခွဲစိတ်ကုပညာရှင်များ ပါဝင်တက်ရောက်ကြသည်။

ညီလာခံတွင် Main Symposium အပြင် Mini Symposium များ၊ Case presentation များနှင့် Poster Presentation ၂၉ ခုတို့ ပါဝင်ပြီး ညီလာခံကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လေဆာဖြင့် လိပ်ခေါင်းရောဂါ ကုသခြင်း (Laser Hemorrhoidoplasty)၊ ကိုယ်တွင်းကြည့် မှန်ပြောင်းဖြင့် သိုင်းမက်အကျိတ်ကို ခွဲစိတ်ကုသခြင်း (VATS Thymectomy)၊ ပန်ကရိယနှင့် အူသိမ်ဦးပိုင်း ဖြတ်ထုတ်ခြင်း (Laparoscopic pancreaticoduodenectomy) အစရှိသည့် ခွဲစိတ်ကုသမှုများကို ပြည်ပခွဲစိတ်ကုပညာရှင်များနှင့် ပူးပေါင်း၍ စာတွေ့လက်တွေ့ သင်ကြား ပြသခြင်းကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ညီလာခံတတိယနေ့တွင် သက်ကြီးခွဲစိတ်အထူးကုပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၀ နှင့် လာအိုနိုင်ငံသား ၂၃ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၃၀ ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်း

နေပြည်တော် မတ် ၂၄

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်းသုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ(Trilateral Cooperation)တို့ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ်မြဝတီမြို့- မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၀ နှင့် လာအိုနိုင်ငံသား ၂၃ ဦးတို့ကို လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးခဲ့ကာ ပြည်ပနိုင်ငံသား ၂၃၀ ကိုထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးမည့် ပြည်ပနိုင်ငံသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးအစရှိသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။



ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပရာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံး(ရန်ကုန်)မှ Third Secretary Mr.Peter John V. Dela Fuente နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ လာအိုသံရုံးမှ Third Secretary Mr.Heuangchalern Phommasone နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

အလားတူ ယနေ့တွင် မြဝတီမြို့ မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၃၀ ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များ၊ မှတ်တမ်းများ စာရင်းကောက်ယူခြင်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၈၄၃၂ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ဦးရေ ၅၂၀၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၂၃၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## နိုင်ငံတကာသတင်း

### ထရမ့်ကို တုံ့ပြန်နိုင်ရန် ကနေဒါရွေးကောက်ပွဲ စော၍ကျင်းပမည်

**အော့တဝါ မတ် ၂၄**

ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေး သည် ဧပြီ ၂၈ ရက်တွင် အစောဆုံး ရွေးကောက်ပွဲကျင်းပရန် ကတိပြုပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အခွန်စည်းကြပ်မှုနှင့် ပေါင်းစည်းမည့် ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန် ကတိပြုခဲ့ကြောင်း သိရသည်။

မတ် ၁၄ ရက်တွင် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သော ကာနေးသည် ကနေဒါနိုင်ငံသားများအား ထရမ့်နှင့် ဆက်ဆံရေးကို ကိုင်တွယ်ရန်နှင့် လူတိုင်းအတွက် အဆင်ပြေသော စီးပွားရေးကို တည်ဆောက်နိုင်ရေး အခွင့်အရေးပေးရန် တောင်းဆိုကြောင်း ပြောကြားခဲ့သည်။

သမ္မတထရမ့်၏ တရားမျှတမှုမရှိသော ကုန်သွယ်မှုလုပ်ဆောင်ချက်များနှင့် မိမိတို့၏ အချုပ်အခြာအာဏာကို ခြိမ်းခြောက်မှုများကြောင့် အကြီးမားဆုံးအကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း ၎င်းက ပြောကြားသည်။

ထရမ့်က ကနေဒါ၏ အချုပ်အခြာအာဏာကို အကြိမ်ကြိမ်စိန်ခေါ်ခဲ့ပြီး ကနေဒါမှ ကုန်ပစ္စည်းများကို အခွန်စည်းကြပ်ခြင်းအပြင် အမေရိကန်၏ ၅၁ ခုမြောက် ပြည်နယ်အဖြစ် သတ်မှတ်ရန် တောင်းဆိုခဲ့သည်။



အမေရိကန်အနေဖြင့် ကနေဒါနိုင်ငံ၏ ရေမြေနှင့် အရင်းအမြစ်များကို မည်မျှလိုချင်သော်လည်း ဘယ်တော့မှ ရလိမ့်မည်မဟုတ်ဟု နယူးဖေါင်လန်တွင်ပြုလုပ်သည့် လူထုစည်းဝေးပွဲ၌ ဝန်ကြီးချုပ်ကာနေးက ပြောကြားသည်။ ကနေဒါနိုင်ငံ၏ အချုပ်အခြာအာဏာကို အသိအမှတ်မပြုမချင်း အမေရိကန်ခေါင်းဆောင်နှင့် တွေ့ဆုံမည်မဟုတ်ကြောင်း ကာနေးက ကတိပြုထားသည်။ ကနေဒါရွေးကောက်ပွဲကော်မရှင်၏ အဆိုအရ မဲဆွယ်မှုသည် ရွေးကောက်ပွဲနေ့မတိုင်မီ တစ်ရက်အလို ဧပြီ ၂၇ ရက်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

### ဂျပန်နိုင်ငံ အနောက်ပိုင်းခရိုင်နှစ်ခု၌ တောမီးလောင်မှုများ ဆက်လက်ပျံ့နှံ့

**တိုကျို မတ် ၂၄**

ဂျပန်နိုင်ငံ အနောက်ပိုင်းခရိုင်နှစ်ခု၌ တောမီးလောင်မှု ဆက်လက်ပျံ့နှံ့လျက်ရှိသည့်အတွက် ဒေသခံများကို ဘေးလွတ်ရာသို့ ရှောင်တိမ်းရန် သက်ဆိုင်ရာအာဏာပိုင်များက တိုက်တွန်းလျက်ရှိသည်။

အိုကာ့ယာမခရိုင် အိုကာ့ယာမမြို့၏ မီနာမီရပ်ကွက်တောင်ပေါ်ဒေသတွင် မတ် ၂၃ ရက် မွန်းလွဲပိုင်းက တောမီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးစတင်လောင်ပြီးနောက် နာရီပေါင်း ၂၀ ကျော် ကြာလာပြီဖြစ်သော်လည်း တောမီးများငြိမ်းသွားမည့် အရိပ်အယောင်မတွေ့ရဘဲ နေရာအများတွင် ဆက်လက်လောင်နေဆဲဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေရာတချို့ပျက်စီးခဲ့ပြီး မီးသတ်သမားများက မီးများငြိမ်းသတ်နိုင်ရန် လုပ်ဆောင်လျက်ရှိသည်။ မီးငြိမ်းသတ်ရာတွင် အကူအညီပေးရန် သက်ဆိုင်ရာအာဏာပိုင်များက ရဟတ်ယာဉ် ၁၀ စင်း စေလွှတ်ထားကြောင်း သိရသည်။

ထို့အပြင် အဲဟိမဲခရိုင် အီမာဘာရီမြို့တွင်လည်း နောက်ထပ်တောမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

### အစ္စရေးနှင့် ဟားမားစ်တို့၏ပဋိပက္ခများကြောင့် ဂါဇာကမ်းမြောင်ဒေသ၌ သေဆုံးသူ ၅၀၀၀၀ ကျော်ရှိလာ

**ဂါဇာ မတ် ၂၄**

အစ္စရေးနှင့် ဟားမားစ်တို့ကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ဂါဇာကမ်းမြောင် ဒေသတွင် လူပေါင်း ၅၀၀၀၀ ကျော် သေဆုံးခဲ့သည်ဟု ပါလက်စတိုင်း ကျန်းမာရေးအာဏာပိုင်တွေက ပြောကြားလိုက်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှစပြီး လူပေါင်း ၅၀၀၂၁ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၁၁၃၂၇၄ ဦးရှိကြောင်း အာဏာပိုင်များက မတ် ၂၃ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် နှစ်ဖက်အဖွဲ့များကြား အပစ်အခတ်ရပ်စဲရေး စတင်အသက်ဝင်ခဲ့သော်လည်း အစ္စရေးတပ်မတော်က မတ် ၁၈ ရက်တွင် ကြီးမားသည့် လေကြောင်း တိုက်ခိုက်မှုများကို စတင်ခဲ့သည်။

အပစ်အခတ်ရပ်စဲရေး ဒုတိယအဆင့်အထိ သက်တမ်းတိုးရေးတွင် နှစ်ဖက်အဖွဲ့များကြား သဘောထား တင်းမာခဲ့သည်။

အဆိုပါ သက်တမ်းတိုးရေး အဆိုပြုချက်ကို ဟားမားစ်တို့က ပယ်ချခဲ့ကြောင်း အစ္စရေးက ပြောသည်။

အင်န်အိတ်ချ်ကေ

### အာဖရိကအရှေ့ပိုင်းနှင့် တောင်ပိုင်း ၁၆ နိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားသူ ၁၇၈၀၀၀ ခန့်ရှိဟု ယူနီဆက်ဖ်ထုတ်ပြန်

**နိုင်ရိုဘီ မတ် ၂၄**

အာဖရိကအရှေ့ပိုင်းနှင့် တောင်ပိုင်း ၁၆ နိုင်ငံ၌ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ် မတ်လအထိ ကာလဝမ်းရောဂါဖြစ်ပွားသူ ၁၇၈၀၀၀ ခန့်ရှိသည်ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) က မတ် ၂၄ ရက်တွင် ထုတ်ပြန်သည်။

ရေအရင်းအမြစ်ရရှိမှု၊ ရေဆိုးမြောင်းစနစ်၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးဆောင်ရွက်မှု ကန့်သတ်ချက်များကြောင့် ထိတ်လန့်ချောက်ချားစရာကောင်းသည့် အရေအတွက်အထိ ဖြစ်ပွားလာခဲ့ခြင်းဖြစ်သည်။ ကလေးတိုင်း အနာဂတ်ကို ပိုင်ဆိုင်သင့်သည်ဟု ယုံကြည်ယူဆသည့် အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် တစ်ဦးတစ်ယောက်ချင်းစီ၏ ကူညီထောက်ပံ့ပေးမှုများ ဆက်လက်လိုအပ်ကြောင်း အာဖရိကအရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသဆိုင်ရာ ယူနီဆက်ဖ်ဌာနေကိုယ်စားလှယ် အက်တလီဗာကာဒယ်လီက ကင်ညာမြို့တော် နိုင်ရိုဘီတွင် ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ယူနီဆက်ဖ်၏ ထုတ်ပြန်ချက်အရ တောင်ဆူဒန်နှင့် အင်ဂိုလာတို့သည် ဆိုးရွားပြင်းထန်သော ကာလဝမ်းရောဂါနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ဆင်ဟွာ

## နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်လှစ်



**နေပြည်တော် မတ် ၂၄**

နှစ် (၈၀) ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်မြေသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့တွင် နိုင်လွန်ကတ္တရာလမ်းသစ် ဖွင့်လှစ်ခြင်းနှင့် ရတနာပုံဥယျာဉ်တွင် အရိပ်ရအပင်များ စုပေါင်းစိုက်ပျိုးခြင်းကို ယနေ့ နံနက်ပိုင်းတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖ တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** တက်ရောက်လာကြသူများ၊ ဘင်ခရာအဖွဲ့နှင့်ပန်းဖွားအဖွဲ့တို့အား ဖွင့်ပွဲအမှတ်တရ လက်ဆောင်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် မြို့တွင်းရှိ လမ်းမကြီးကို သန့်ရှင်းသပ်ရပ်မှုရှိစေရန် ရေများဖြင့် ဆေးကြောသန့်ရှင်းခြင်း၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်ကြောပြအမှတ်အသားများ ပေါ်လွင်ထင်ရှားစေရန် ဆေးကြောခြင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရတနာပုံဥယျာဉ်၌ ကျင်းပသည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကံ့ကော်ပင်များနှင့် စံပယ်ပင်များ စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြပြီး သစ်ပင်စိုက်ပျိုးပွဲတွင် တပျော်တပါးပါဝင်စိုက်ပျိုးနေသူများကို နှုတ်ဆက်အားပေးခဲ့ကြောင်းနှင့် ယနေ့စိုက်ပျိုးမှုတွင် ကံ့ကော်ပင် ၁၀၀ နှင့် စံပယ်ပင် ၁၀၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အိုးသည်ကုန်းမြို့၌ ပညာဘဏ် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနား ကျင်းပ



**ပဲခူး မတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက နှစ် (၈၀) ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့၌ ပညာဘဏ် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးတို့က အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့၌ ပညာဘဏ် စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ဝဲပုံ)** ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုပြီး သုတ/ ရသစာအုပ်စာစောင်များ ဝယ်ယူနိုင်ရေး အလှူငွေကျပ်သိန်း ၃၀ ပေးအပ်ကာ မျိုးဆက်သစ်လူငယ်များ၊ ကျောင်းသားကျောင်းသူများ စာပေဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတတိုးပွား၍ လိမ္မာယဉ်ကျေးသည့် လူတော်လူကောင်းများ ဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးရခြင်းဖြစ်၍ လူငယ်များ စာကြည့်တိုက်သို့ လာရောက်စေရေး အလေးထားစည်းရုံးဆောင်ရွက်ရန်စာကြည့်တိုက် ကော်မတီဝင်များကို မှာကြားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"တားဆီး နှောင့်ယှက်မှုများကြားမှ ပွင့်လန်းလာတဲ့ ပန်းကလေးများ"** ခေါင်းစဉ်ဖြင့် မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စစ်ရေးနဲ့ နိုင်ငံရေးမှာ အခွင့်မသာလို့ ရှက်ရမ်းရမ်းပြီး အကြမ်းဖက်လာတဲ့ PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ် အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရ

(၂၄-၃-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၆-၃-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၃-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၄၁၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅ - ၃ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၅ | ၃၀၆၀ | ၄၅၀၅ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |
| 95 Ron | ၃၀၄၅ | ၃၁၅၅ | ၃၁၂၀ | ၃၀၅၅ | ၃၁၆၀ | ၃၁၈၀ | ၃၁၉၅ | ၃၁၁၅ | ၄၅၆၀ | ၃၄၀၅ | ၃၁၃၀ | ၃၁၃၀ | ၃၂၀၀ | ၃၁၆၅ | ၃၁၉၀ | ၃၄၄၅ |
| HSD (500 ppm) | ၂၆၀၀ | ၂၇၁၅ | ၂၆၀၀ | ၂၆၁၅ | ၂၇၂၀ | ၂၇၃၅ | ၂၇၅၀ | ၂၆၇၀ | - | ၂၉၆၅ | ၂၆၉၀ | ၂၆၉၀ | ၂၇၆၀ | ၂၇၂၅ | ၂၇၄၅ | ၃၀၀၅ |
| HSD (50 ppm) | ၃၂၁၅ | ၃၃၃၀ | ၃၂၉၅ | ၃၂၃၀ | ၃၃၃၅ | ၃၃၅၀ | ၃၃၇၀ | ၃၂၈၅ | ၄၈၃၀ | ၃၅၈၀ | ၃၃၀၅ | ၃၃၀၅ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၅ | ၃၆၂၀ |
| HSD (10 ppm) | ၃၂၁၅ | ၃၃၃၀ | ၃၂၉၅ | ၃၂၃၀ | ၃၃၃၅ | ၃၃၅၀ | ၃၃၇၀ | ၃၂၈၅ | - | ၃၅၈၀ | ၃၃၀၅ | ၃၃၀၅ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၅ | ၃၆၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၂၂ | ၂၉၁၁ |
| 95 Ron | ၂၈၇၂ | ၂၉၆၃ |
| HSD (500 ppm) | ၂၄၄၂ | ၂၅၂၀ |
| HSD (50 ppm) | ၃၀၄၀ | ၃၁၃၁ |
| HSD (10 ppm) | ၃၀၄၀ | ၃၁၃၁ |

မှတ်ချက်။
(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

၂၄ - ၃ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၂၀၀ | ၇၀၀၀ | ၁၉၆၀ | ၁၃၇၄၂၆၀၀ |
| MTSH | ၃၁၅၀ | ၃၁၀၀ | ၅၈၁၈ | ၁၈၀၄၇၀၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၂၀ | ၁၅၄၀၀၀ |
| FPB | ၁၈၅၀ | ၁၈၀၀ | ၉၅ | ၁၇၁၆၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၆၀၀ | ၁၅၅၀ | ၁၅၅ | ၂၄၀၃၅၀ |
| AMATA | ၄၀၀၀ | ၄၀၀၀ | ၁ | ၄၀၀၀ |
| MAEX | ၃၂၀၀ | ၃၂၅၀ | ၁၇၀ | ၅၅၀၀၀၀ |
| MADPL (PLB) | ၃၅၀၀ | ၃၅၀၀ | ၀ | ၀ |

## ရွှေဖရုံသီးနှံ စိုက်ပျိုးမှုနှင့် ဈေးကွက်



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကုန်စိမ်းသီးနှံတစ်မျိုးဖြစ်သော ရွှေဖရုံသီးနှံကို မိသားစုအပိုဝင်ငွေရရှိရန် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ ယခုအချိန်တွင် စီးပွားဖြစ်စိုက်ပျိုးလာကြသည်။

ရွှေဖရုံသီးကို ရာသီမရွေးစိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး လေးလခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း၊ ဘူးသီးဖရုံမျိုးနှင့် ရွှေဖရုံမျိုး(အဝါရောင်)များကို စိုက်ပေါင်ပြုလုပ်၍ အတန်းလိုက် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ခြောက်သိန်းခန့်ကုန်ကျပြီး အလုံးရေ ၄၀၀၀ ကျော်ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ကျောက်ဆည်ဒေသတွင်းရောင်းချမှုအပြင် မန္တလေးမြို့သို့ တင်ပို့ရောင်းချကာ အကျိုးအမြတ်များရရှိကြောင်း ဖရုံသီးနှံစိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

DOCA (မန္တလေး)

## အထက်မင်းလှမြို့နယ်၌ ကုလားပဲသီးနှံများ စတင်ထွက်ပေါ်၍ အထွက်နှုန်းကောင်း



မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နှမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ စပါး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စသည်ဖြင့် သီးနှံမျိုးစုံကို ရာသီအလိုက် နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ကုလားပဲသီးနှံကိုလည်း စိုက်ပျိုးကြသည်။

ကုလားပဲသီးနှံကို ဒီဇင်ဘာလတွင်စိုက်ပျိုးပြီး မတ်လဆန်းမှ စတင်၍ ရိတ်သိမ်းလျက်ရှိကြောင်း၊ မျိုးအနေဖြင့် ကုလားပဲ(ဟော်လန်)မျိုးနှင့် ကုလားပဲ(မြကြေး) မျိုးများဖြစ်ပြီး ကုလားပဲ (မြကြေး) မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ တစ်ကေလျှင် မျိုးစေ့နှစ်တင်းခန့် ကုန်ကျ၍ ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခနှင့် ရိတ်သိမ်းခအပါအဝင် တစ်ကေလျှင် ရှစ်သိန်းခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ၁၆ တင်းမှ ၂၀ တင်းကြားထွက်ရှိရာ ယခုနှစ်တွင် ရာသီဥတုသမမျှတ၍ အထွက်နှုန်းကောင်းမွန်ကြောင်း၊ ဈေးကွက်အနေဖြင့် မင်းလှမြို့နှင့် မကွေးမြို့ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ဒေသတွင်းရှိ ပဲကြော်၊ ပဲလှော်နှင့် မုန့်လုပ်ငန်းရှင်များထံသို့ ရောင်းချသည့်အပြင် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

DOCA (မကွေး)

## မြစ်သားမြို့နယ်၌ ထောပတ်ပဲ စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးကွက်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ထောပတ်ပဲသီးနှံကို စိုက်ပျိုးထားရှိကြောင်း၊ ထောပတ်ပဲ(ဆောင်း)သီးနှံကို မြစ်သားမြို့နယ်၌ ဧက ၁၆၀ စိုက်ပျိုးထားရှိပြီး ယခုအချိန်တွင် ရိတ်သိမ်းပြီးဖြစ်ကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ထောပတ်ပဲ(ဆောင်း)ကို စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးကြပြီး မတ်လနှင့် ဧပြီလများတွင် ရိတ်သိမ်းထွက်ပေါ်ကြောင်း၊ ထောပတ်ပဲမျိုးများမှာ ပင်ထောင်ထောပတ်ပဲမျိုးနှင့် ပင်ပြန့်ထောပတ်ပဲမျိုးများဖြစ်ပြီး ပင်ပြန့်မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် မြေပြုပြင်၍ အတန်းလိုက်စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧက လျှင် စုစုပေါင်းငွေကျပ် ၁၅၀၀၀၀ ကျော်ခန့်ကုန်ကျပြီး တစ်ဧကလျှင် ၉-၁၀ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက ကျောက်ဆည်မြို့ရှိ ပွဲရုံများသို့ တိုက်ရိုက်ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကာ တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

DOCA (မန္တလေး)



## ကျောက်ဆည်မြို့နယ်၌ မြုပ်ခရမ်းသီးနှံများ လှိုင်လှိုင်ထွက်ပေါ်



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ခရမ်းသီးနှံကို စိုက်ပျိုးကြကြောင်း၊ ခရမ်းသီးကို ရာသီမရွေး တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး ယခုအချိန်တွင် ခရမ်းသီးနှံများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိသည်။

ခရမ်းသီးကို စိုက်ပျိုးပြီး သုံးလကျော်အကြာတွင် အသီးများ စတင်ခူးဆွတ်နိုင်ကြောင်း၊ မျိုးစေ့ကိုပျိုးထောင်၍ ပျိုးပင်တစ်လခွဲအရွယ်တွင် စိုက်ပေါင်၌ ပေါင်ခတ်စနစ်ဖြင့် အတန်းလိုက် စိုက်ပျိုးကြပြီး မြုပ်ခရမ်းအသေးမျိုးများကို စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် ငွေကျပ် ခုနစ်သိန်းခန့် ကုန်ကျကြောင်း၊ မြုပ်ခရမ်းသီးကို လေးရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး တစ်ကေလျှင် ပိဿာချိန် ၄၈၀၀-၅၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ကျောက်ဆည်ဒေသတွင်း ရောင်းချမှုအပြင် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြောင်း၊ အထွက်နှုန်းနှင့် ဈေးနှုန်းများကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း ခရမ်းသီးစိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

DOCA (မန္တလေး)

### ၂၄-၃-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၅၀၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၃၀၀ | ၂၂၀၀၀ | – | ၁၈၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၁၉၀၀၀ | ၇၈၁၀ | ၁၆၅၀၀ | ၃၅၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၇၅၀၀ | ၁၈၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၁၀၀၀၀ | | | ၃၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၇၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၇၆၃၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | | ၆၅၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၁၁၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၅၄၅၀ | ၂၀၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၁၉၀ | ၁၅၅၀၀ | ၃၀၀၀ | ၁၄၅၀၀ | ၁၆၀၀၀ | ၇၅၀၀ | ၇၀၀၀ | ၉၅၀ | ၁၀၀၀၀ | ၇၈၀၀ | ၁၂၅၀၀ | ၅၅၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၃၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၄၅၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၇၀၀၀ | ၃၃၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၁၅၀ | | ၄၉၅၀ | ၂၁၀၀၀ | ၇၆၅၀ | ၁၁၀၀၀ | ၂၅၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | – | ၆၅၀၀၀ | ၈၀၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၃၅၀ | | ၅၇၀၀ | ၁၅၅၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၄၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၉၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၉၉၀ | ၁၆၀၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၇၉၅၀ | ၁၄၀၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၉၀၀ | ၉၅၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၁၀၀ | | ၆၂၀၀ | ၁၆၀၀၀ | ၇၈၀၀ | ၁၁၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၁၂၀၀ | ၈၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၆၀၀ | ၁၃၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၆၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၆၀၀ | ၁၂၅၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀ | ၉၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၅၇၀ | ၁၆၀၀၀ | ၂၂၀၀ | ၁၃၀၀၀ | ၁၅၈၀၀ | ၁၀၀၀၀ | ၃၆၀၀ | ၇၀၀ | ၉၀၀၀ | ၅၈၀၀ | ၇၇၀၀ | ၄၅၀၀ | ၅၄၀၀ | ၁၉၅၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | ၃၄၀၀၀ | ၁၃၆၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၂၀၀ | ၇၅၇၀ | ၁၆၂၀၀ | ၂၄၀၀ | ၁၃၄၀၀ | ၁၆၂၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၇၀၀ | ၈၂၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၈၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၇၅၀၀ | ၃၄၀၀၀ | ၁၄၀၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၄၀၀၀ | ၂၉၀၀၀ | ၃၅၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၂၁ ရက်တွင် ချမ်းအေးသာစံမြို့နယ် အောင်စိုးမိုးဆေးဆိုင်၌ တရားမဝင် ဆေးဝါးတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၁၅၀၀)ကို အမျိုးသားဆေးဝါးဥပဒေအရလည်းကောင်း၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် သာစည်မြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် ၇ ဒသမ ၃၄၉ တန်၊ သစ်မာ ၆ ဒသမ ၄၃၃ တန်၊ အခြားသစ် ၂၂ ဒသမ ၂၄၃ တန်နှင့် ဆက်စပ်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၉၉၅၀၃၂၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး၊ Toyota Dyna တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀)တို့ကို သစ်တောဥပဒေအရလည်းကောင်း၊ မတ် ၂၂ ရက်တွင် ပလိပ်မြို့ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၀၁၈၆၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီး၊ Nissan UD Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၀၀၀၀၀၀) နှင့် ရန်ကုန် - မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၅၆)မိုင်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး၊ စားသောက်ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၂၅၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၂၆၂၉၂၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ဝ ဒသမ ၉၆၈ တန်၊ သစ်မာ ၁ ဒသမ ၁၀၈ တန်၊ အခြားသစ် ၁ ဒသမ ၂၆၇ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၆၈၇၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် အင်းစိန်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁,၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံသားခရီးသည် ရှစ်ဦးနှင့် တရုတ်နိုင်ငံသားခရီးသည် တစ်ဦးတို့၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၁ မျိုး၊ လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၆၅၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၀၆၂၈၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၇၁၂၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၂၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ်အစီး ၃၀ ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၉ မျိုး၊ လူသုံးကုန်ပစ္စည်း၂၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၇၆၃၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck ကိုးစီး၊ Mitsubishi Fuso Truck ငါးစီး၊ Hino Ranger Truck သုံးစီး၊ Nissan Diesel Truck သုံးစီး၊ Pyay Truck သုံးစီး၊ Chenglong Dump Truck တစ်စီး၊ Hino Truck တစ်စီး၊ Hyundai KMFLA Truck တစ်စီး၊ Dagon Tawwin Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Toyota Truck တစ်စီး၊ Yae Nan Chaung Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၇၆၃၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံ တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan X-Trail မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် အေးရိပ်ငြိမ်ရပ်ကွက် ဗိုလ်ရွဲလမ်း အင်ဂျင်ဝိုင်စက်ရုံဟောင်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၀၀၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရေခဲစက်လမ်းရှိ ကမ်းနားဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၂၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၉၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၅၂၅၄၅၉၄)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

---

## လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေစကြိုမြို့နယ် ရေလယ်ကျွန်းဒေသ မိုးဖြူကျေးရွာနှင့် မိုးကွဲကျေးရွာရှိသက်ကြီးရွယ်အိုနှင့်ကလေးများ အပါအဝင် ဒေသခံပြည်သူ ၅၀ ကျော်ကို ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း မဟုတ်မမှန် သတင်းအမှားများ ရေးသားဖြန့်ဝေ

**နေပြည်တော် မတ် ၂၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရေလယ်ကျွန်းဒေသ မိုးဖြူကျေးရွာနှင့် မိုးကွဲကျေးရွာတို့ကို မတ် ၂၁ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ပြီး သက်ကြီးရွယ်အိုနှင့် ကလေးငယ်များ အပါအဝင် ဒေသခံပြည်သူ ၅၀ ကျော်ကို ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် လုံခြုံရေးတာဝန်ရှိသူ




တစ်ဦးထံ ဆက်သွယ်မေးမြန်းပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါနေ့ရက်တွင် လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သော်လည်း အေးချမ်းစွာနေထိုင်နေသည့် ဒေသခံပြည်သူများအား အကြောင်းမဲ့ဖမ်းဆီးခြင်း မရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများကသာ ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ဒေသခံပြည်သူများ၊ အစိုးရဝန်ထမ်းများနှင့် ရဟန်းသံဃာများအား ခေါင်းစဉ်အမျိုးမျိုးပြ၍ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင် အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများမှ အကြမ်းဖက်သမားများ၏ ယုတ်မာရက်စက်သည့် လုပ်ရပ်များကို ဖုံးကွယ်ပေးရန်နှင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်နေခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## သာယာဝတီမြို့နယ်၌ ၂၀၂၅ ခုနှစ် နွေရာသီ အခြေခံနှင့် အဆင့်မြင့်အားကစားသင်တန်းများဖွင့်

**သာယာဝတီ မတ် ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်နှင့် သာယာဝတီမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကြီးမှူးဖွင့်လှစ်သော နွေရာသီအခြေခံနှင့် အဆင့်မြင့်အားကစားသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ထွေးက အမှာစကားပြောကြားပြီး Fitness Dance သင်တန်းသား သင်တန်းသူများက အားကစားနှင့် ကာယပညာ သိပ္ပံ ရန်ကုန်တွင် သင်တန်းတက်ရောက်နေသော ဝူရှူးအားကစားနည်းမှ သင်တန်းသားတစ်ဦးက သရုပ်ပြသခဲ့ပြီး ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ခင်သီတာနှင့်အဖွဲ့ဝင်များက သင်တန်းသား သင်တန်းသူများအား အချိုရည်ဘူးများ လှူဒါန်းကြသည်။

အဆိုပါ နွေရာသီအဆင့်မြင့် အားကစားသင်တန်းများတွင် ဖူဆယ်၊ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ Fitness Dance စသည့် အားကစားနည်းများ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၅၀ ခန့် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇော် (ပြန်/ဆက်)**

---



မိတ္ထီလာမြို့နယ်အတွင်းရှိ ကာရာအိုကေဆိုင်များတွင် မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေးအတွက် မတ် ၂၄ ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းဦးဆောင်၍ တပ်ဖွဲ့ဝင်များက မီးဘေးကာကွယ်ရေးပစ္စည်းများ ဆောင်ရွက်ထားရှိမှုစစ်ဆေးခြင်းနှင့် ဆိုင်ဝန်ထမ်းများအား မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်စဉ်။

ချမ်းသာ (မိတ္ထီလာ)

# ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ အခမဲ့မျက်စိစမ်းသပ်ကုသခြင်းနှင့် နယ်လှည့်ကွင်းဆင်းကုသခြင်းများ ဆောင်ရွက်

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် မရှိ၍ မလင်းသူမရှိစေရ အစီအစဉ်ဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ မျက်စိလူနာများအား မျက်စိစမ်းသပ်ကုသပေးခြင်း၊ မျက်မှန်များ လှူဒါန်းပေးခြင်းနှင့် အခမဲ့ခွဲစိတ်ကုသပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ခြင်းနှင့် သန်လျင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာချောနန္ဒီနှင့် အထူးကုဆရာဝန်ကြီးများက မြို့နယ်အတွင်းရှိ လူနာများအား နယ်လှည့်ကွင်းဆင်းအခမဲ့ကုသခြင်းကို မတ် ၂၁ ရက်က လေးထောင့်ကန်တိုက်နယ်ဆေးရုံ၌ ဆောင်ရွက်သည်။

ထိုသို့ နယ်လှည့်ကွင်းဆင်းကုသပေးရာတွင် အထွေထွေရောဂါအထူးကုသမားတော်ကြီးများနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် လူနာ ၁၃၀၀ ခန့်အား စမ်းသပ်ကုသပေးကြပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနကလည်း ကျန်းမာရေးအသိပညာပေးခြင်းများ ပူးပေါင်းဆောင်ရွက်ပေးကြသည်။

အဆိုပါ စမ်းသပ်ကုသပေးရာနေရာသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။(ယာပုံ)

**နေမျိုးအောင်**



# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ဒက္ခိဏသီရိမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု ကြည့်ရှုအားပေး



**နေပြည်တော် မတ် ၂၄**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၂၂ ရက်က ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ၌ လယ်ဝေးမြို့နယ် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံနှင့် ပျဉ်းမနား ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများပါဝင်သောအဖွဲ့က ကရုဏာကမ္ဘာဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများအား ကွင်းဆင်း၍ အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။(ဝဲပုံ)

ကျန်းမာရေးဝန်ကြီးဌာန နေပြည်တော်တိုင်းကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းနှင့် တာဝန်ရှိသူများ၊ အထူးကုဆရာဝန်ကြီးများက အဘိုး၊ အဘွားများအား ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများကို ကြည့်ရှုအားပေးပြီး နေပြည်တော်ကောင်စီဝင်က အထူးကုဆရာဝန်ကြီးများအား ဂုဏ်ပြုသစ်သီးခြင်း ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့ဝင်များသည် ဒက္ခိဏသီရိမြို့နယ် ပေါက်တောကျေးရွာ အုန်းတောဘုန်းကြီးကျောင်းဝင်းအတွင်း ကျင်းပသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အခြေခံပညာစာသင်ကျောင်းများပါမကျန် ရပ်ကွက် ကျေးရွာများအထိ ဆောင်ရွက်ပေးကြရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း မှာကြားသည်။ ထို့နောက် ပေါက်တောကျေးရွာအတွင်း သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။ **အောင်သူရဦး(ပြန်/ဆက်)**

# မော်လမြိုင်မြို့၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မော်လမြိုင် မတ် ၂၄**

အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ် ၂၁ ရက်က မော်လမြိုင်မြို့ ပြည်နယ်သစ်တောဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်က နိုင်ငံအတွင်း သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာကွယ်ဖို့၊ ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ရန်အတွက် သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပြီး ပြည်သူများအတွက် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ ပိုမိုပံ့ပိုးပေးနိုင်ရေးအတွက် သစ်တောဦးစီးဌာနမှ “မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ခြင်းစီမံကိန်း”ကို ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ နိုင်ငံတော်၏ ရန်ပုံငွေပံ့ပိုးမှုနှင့်အတူ သစ်တောလုပ်ငန်း ၁၉ မျိုးကို ဆောင်ရွက်လျက်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အခမ်းအနားကို နိုင်ငံသူနိုင်ငံသားများက သစ်တောများ၏ စားရေရိက္ခာဖူလုံစေခြင်း၊ ဂေဟစနစ်ဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်ခြင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့အတွက် အရေးပါပုံကို သိမြင်နားလည်လက်ခံပြီး သစ်တောစီမံအုပ်ချုပ်ရေးလုပ်ငန်းများကို စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် ဗီဒီယိုကို ပြသသည်။ ဆက်လက်၍ ပြည်နယ်သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသော သစ်တောပြုစုထိန်းသိမ်းခြင်းနှင့် ပတ်သက်သည့် ပိုစတာများကို ကြည့်ရှုအားပေးသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**





# ပဲခူးတိုင်းဒေသကြီး ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း (Dip.EP) အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပဲခူး မတ် ၂၄**

ပဲခူးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ယနေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း (Dip. EP)အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပဲခူးမြို့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း(Dip.EP) အမှတ်စဉ်(၁/၂၀၂၅)တွင် ပဲခူးမြို့ အထက(၂)ကျောင်း၌ သင်တန်းသား သင်တန်းသူ ၂၅၀၊ အထက(၉) ကျောင်း၌ သင်တန်းသားသင်တန်းသူ ၂၀၀ တို့အား သင်တန်းနည်းပြ ၁၄ ဦးဖြင့် မတ် ၂၄ ရက်မှ မေ ၃၀ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း(Dip.EP) အမှတ်စဉ်(၁/၂၀၂၅) တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သင်တန်းသား သင်တန်းသူ ၃၇၅၀ က သတ်မှတ်ထားသည့်ကျောင်းများ၌ သင်တန်းတက်ရောက်လျက်ရှိကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

သာစည်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက တပ်မတော်ဖိနပ်စက်ရုံနှင့် တပ်မတော်မိုးရေကာဖျင်စက်ရုံတို့၌ မတ် ၂၄ ရက်က မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စက်ရုံများနှင့် ဝန်ထမ်းအိမ်ရာများ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို တာဝန်ရှိသူများက လိုက်လံပြသရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက ကြည့်ရှုပြီး မီးဘေးလုံခြုံရေးအကြံပြုခြင်းများနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



# စင်ကာပူနိုင်ငံသို့ မြန်မာလုပ်သားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်

| စဉ် | စံပြုလုပ်ငန်းစဉ် (SOP) | ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ် | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| ၁။ | မြန်မာအေဂျင်စီမှ Demand Letter ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - မြန်မာအေဂျင်စီများမှ Demand Letter အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အောက်ပါအတိုင်း တင်ပြခြင်း-<br>(က) Demand Letter တစ်စောင်လျှင် လူဦးရေ ၅ ဦးထက် မပိုစေရန်၊<br>( ခ ) စင်ကာပူနိုင်ငံ Ministry of Manpower မှ အလုပ်သမားများကို ထုတ်ပေးသည့် In-principle Approval Letter (IPA) ပူးတွဲတင်ပြရန်၊<br>( ဂ ) အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရန်၊<br>(ဃ) Demand Letter တင်ပြရာတွင် dolmigrationsingapore other@gmail.com သို့ တင်ပြရန် (အလုပ်သမားဝန်ကြီးဌာနသို့ လူကိုယ်တိုင်လာရောက်တင်ပြခြင်း မပြုရန်)၊ | မြန်မာအေဂျင်စီ |
| ၂။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စိစစ်၍ အေဂျင်စီများထံသို့ အကြောင်းကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ IPA Letter မှန်ကန်မှု ရှိ/မရှိ Ministry of Manpower Website တွင် တိုက်ဆိုင်စိစစ်ခြင်းနှင့် မှန်ကန်မှုရှိပါက သက်ဆိုင်ရာအေဂျင်စီများထံသို့ စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၃။ | မြန်မာအေဂျင်စီမှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ စာချုပ်ချုပ်ဆိုခွင့်ပြုရန် တင်ပြခြင်း | - မြန်မာအေဂျင်စီမှ စာချုပ်ချုပ်ဆိုခွင့်အား စာချုပ်ချုပ်လိုသည့် ရက်မတိုင်မီ (၇)ရက်ကြိုတင်၍ အောက်ပါအချက်များအတိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း -<br>(က) Demand Letter မိတ္တူ၊ စေလွှတ်ရေးလုပ်ငန်းစဉ် ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ အလုပ်သမားများ၏ နိုင်ငံကူးလက်မှတ်မိတ္တူနှင့် IPA မိတ္တူ၊ စင်ကာပူအလုပ်ရှင်နှင့် အလုပ်သမားစာချုပ်မိတ္တူများ၊ အလုပ်သမားများ၏ ကိုယ်ရေးအချက်အလက်များပါရှိသော Excel Name List Soft copy တို့နှင့်အတူ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationsingaporeother @gmail.com သို့ တင်ပြရန်၊<br>( ခ ) အလုပ်ခေါ်စာ တစ်စောင်လျှင် လူဦးရေ ၅ ဦးထက် မပိုစေရန်နှင့် တစ်လလျှင် တစ်ကြိမ်သာတင်ပြရန်၊ | မြန်မာအေဂျင်စီ |
| ၄။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူခြင်း | - မြန်မာအေဂျင်စီမှ တင်ပြလာသော စာချုပ်ချုပ်ဆိုခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူခြင်းနှင့် အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ပြန်ကြားခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၅။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီထံသို့ စာချုပ်ချုပ်ဆိုခွင့်အား အကြောင်းပြန်ကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သတ်မှတ်ပေးသည့်နေ့ရက်တွင် အမှတ် (၂၇)၊ အာနန္ဒာဘုရားလမ်းနှင့် မေဃဝတီကျောင်းလမ်းထောင့်၊ ဘဝမြင့်ရပ်ကွက်၊ သဃ်ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ နည်းပညာအထောက်အကူပြုရုံး (ရန်ကုန်)၌ စာချုပ်ချုပ်ဆိုခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၆။ | မြန်မာအေဂျင်စီမှ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းတက်ရောက်ခွင့်နှင့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) ပြုလုပ်ခွင့်အား ရက်သတ္တနှစ်ပတ်ကြိုတင်၍ အောက်ပါအချက်များနှင့်တကွ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ လိပ်မူ၍ တင်ပြခြင်း-<br>(က) သင်တန်းတက်ရောက်ခွင့် (တစ်ရက်သာ) နှင့် OWIC ပြုလုပ်ခွင့်တင်ပြစာ၊<br>( ခ ) အလုပ်ခေါ်စာမိတ္တူ၊ စေလွှတ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ IPA Letter မိတ္တူ၊<br>( ဂ ) စင်ကာပူအလုပ်ရှင်နှင့် အလုပ်သမားသဘောတူညီမှုစာချုပ်၊ မြန်မာအေဂျင်စီနှင့် အလုပ်သမားအကြားချုပ်ဆိုသည့် သဘောတူစာချုပ်၊ | မြန်မာအေဂျင်စီ |
